ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ စနေနေ့၊ (9-8-2008) (၅၇၆၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စင်ကာပူသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၀၈ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာ နာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၀၈ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကလေးမြို့နယ်ရှိ ရာဇဂြိုဟ် ဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကလေးခရိုင်မှ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ
မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော် ဂန္ဓကုဋိတိုက်နှင့် သာသနိကအဆောက်အအုံများ ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

နေပြည်တော် ဩဂုတ် ၈

စစ်ကိုင်းတိုင်း ကလေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများနှင့် အတူ ဩဂုတ် ၆ ရက် နံနက် ၆ နာရီခွဲတွင် ကလေးတပ်နယ်ခန်းမ၌ ကလေးနှင့် ကျီကုန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်အုန်းမြင့်က တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က တပ်နယ်များအတွက် ရုပ်မြင်သံကြားပြစက်များနှင့် ကျန်းမာရေး အထောက်အကူပြု ဆေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်က ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက လက်ခံသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နေရဋ္ဌရာခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်က မြို့နယ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ကြေးမုံ The Mirror ယနေ့ ဆောင်းပါးအညွှန်း

“မြန်မာနိုင်ငံရှိ ဒီရေတောများအနက် ဧရာဝတီတိုင်းသည် ဒီရေတော အများအပြားပေါက်သည့် ဒေသတစ်ခုဖြစ်။ ၎င်းဒေသရှိ ပင်လယ်ဒီရေများသည် ဒီရေတောများကို အာဟာရ ဖြည့်တင်းပေးပြီး ကုန်းတွင်းပိုင်းမြစ်များမှတစ်ဆင့် သယ်ဆောင်လာသော အနည်များသည် မြစ်ဝရှိ နွံ့နွံ့များကို ခာတ်သတ္တုဖြင့် ကြွယ်ဝစေပါသည်။

တက္ကသိုလ် တင်လက်ျာ၏ **“သဘာဝဘေး ကာကွယ်ပေးမည့် ဒီရေတောများ”**

(ဆောင်းပါး) စာမျက်နှာ- ၆၊၇

အတည်ပြုချိန် ၄း၁၅

ကြေးမုံ The Mirror
၉-၈-၂၀၀၈
(စနေနေ့)

အာဆီယံအသိုက်အဝန်း ဝိုင်းဝန်းထူထောင် အဖွဲ့ဝင်နိုင်ငံများ ကြိုးပမ်းစွမ်းဆောင်

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် စတင်ထူထောင်ခဲ့ရာ ယခုအခါ (၄၁)နှစ်ပြည့် မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်(၁၀) နိုင်ငံတို့မှ ခေါင်းဆောင်များ၏ လက်တွဲကြိုးပမ်းဆောင်ရွက်မှုများကြောင့် အရှေ့တောင်အာရှဒေသသည် တည်ငြိမ်အေးချမ်း ညီညွတ်မှုရှိသည့် ဒေသတစ်ခုဖြစ်လာခဲ့သည်။

အာဆီယံအဖွဲ့ ထူထောင်လာခဲ့သည့် (၄၁)နှစ်တာကာလအတွင်း အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရချင်း၊ ပြည်သူများ အချင်းချင်းအကြား စိတ်ရင်းစေတနာကောင်း၊ ယုံကြည်ကိုးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ရာ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် နယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့သည်။

ယခုအခါ အသင်းကြီးက အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ စာတမ်းသည် အာဆီယံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့်အညီ အနာဂတ်အတွက် ပိုမိုပူးပေါင်း ကြိုးပမ်းအကောင်အထည်ဖော် နိုင်ကြမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဟူသည့် အာဆီယံမဏ္ဍိုင်(၃)ရပ်ကို ၂၀၁၅ခုနှစ်တွင် ထူထောင် အကောင်အထည်ဖော်ရေး ဆုံးဖြတ်ခဲ့ကြပြီးဖြစ်သည်။ အာဆီယံအသိုက်အဝန်း ပေါ်ထွန်းလာခြင်းဖြင့် မြန်မာနိုင်ငံအပါအဝင်အာဆီယံ ပြည်သူများအားလုံး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝချမ်းသာရေးနှင့် လူမှုရေးယဉ်ကျေးမှုစသည့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားနိုင်ကြမည် ဖြစ်သည်။

အာဆီယံသည် (၄၁)နှစ်တာကာလအတွင်း သဘာဝဘေး အန္တရာယ် ကျရောက်မှု၊ ရောဂါပျံ့ပွားမှုစသည်တို့ ကြုံတွေ့ခဲ့ရသော်လည်း အဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ၏ ပါဝင်ကူညီမှုများကြောင့် ဖြေရှင်းနိုင်ခဲ့သည်။

အာဆီယံ၏ စည်းလုံးညီညွတ်မှုအစဉ်အလာ၊ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားတို့နှင့်အတူ အဖွဲ့ဝင်နိုင်ငံတိုင်းမှ ပြည်သူများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းစွမ်းဆောင်မှုဖြင့် တစ်ခုတည်းသော မျှော်မှန်းချက်ဖြစ်သည့် အာဆီယံအသိုက်အဝန်းကို အောင်မြင်စွာ ထူထောင်နိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၂)စက်မှုဝန်ကြီးဌာန အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (အမှတ်-၂၊ စက်မှု)

နေပြည်တော် ဩဂုတ် ၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်တွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ပညာရှင်များအနေဖြင့် နည်းပညာနှီးနှောဖလှယ်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး တွေ့ကြုံတတ်မြောက်ခဲ့သည့် နည်းပညာများ ဖလှယ်ခြင်းအားဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တိုးတက်အောင်မြင်မှုများရှိလာမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူဌာနကြီးမှူးများ အနေဖြင့် စံနမူနာပြ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရှင်ဦးအောင်စိုးဝင်းက "ပြန်းတီးလေလွင့်မှု လုံးဝဖယ်ရှားခြင်း(Total Waste Elimination) ကျင့်သုံးခြင်းဖြင့် Operating Ratio ကောင်းမွန်အောင်ပြုလုပ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းလွင်က "လုပ်ငန်းအဖွဲ့အစည်းနှင့် စက်ရုံအလုပ်ရုံများ၏ Operating Ratio အခြေအနေ သုံးသပ်တင်ပြခြင်းနှင့် Operating Ratio ကောင်းမွန်စေရေးအကြံပြုချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက လိုအပ်သည်များ ဖြည့်စွက်အကြံပြုဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကိုရီးယားနှင့်ဂျပန်အဖွဲ့များ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Lee Jong Kwon သည် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မုန်တိုင်းသင့်သည့်ဒေသများတွင် ပင်လယ်ရေငန်တား တာတမံများ ပြုပြင်တည်ဆောက်မည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

အလားတူ ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Shimba Kazuya (Member of the House of Councillors of Japan) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၅ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Shimba Kazuya လာရောက်တွေ့ဆုံစဉ်။ (လယ်/ဆည်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၈

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ဩဂုတ် ၇ ရက်တွင်လာရောက်လှူဒါန်းကြသောအလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။ လှူဒါန်းကြသော အလှူရှင်များမှာ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)က ငွေကျပ်ငါးသိန်း၊ လက်ပံတန်းမြို့နယ် သာရဝေါ ကျေးရွာအုပ်စုအတွင်းရှိ စေတနာရှင်ပြည်သူများက ငွေကျပ်ငါးသိန်း၊ ကွယ်လွန်သူ မိခင်ကြီးအားရည်စူး၍ ဦးဂျင်မီဒန်းစဖော့ဒ်က ငွေကျပ်ငါးသောင်း၊ Love Advertising Media Co.,Ltd. ပိုင်ရှင် ဦးလှစိန်နှင့် ဒေါ်အေးအေးခင် မိသားစု ဗဟန်းမြို့နယ်က လေ့ခုနစ်စင်းအတွက် ငွေကျပ် ၁၄ သိန်းတို့ဖြစ်သည်။

ဩဂုတ် ၇ ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၄၅၀၀၀၀ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက္ကစံစေတီတော် ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေး အတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၂ လမ်းရှိ လမင်းတစ်ရာ ကုမ္ပဏီလီမိတက်(သတ္တုတူးဖော်ရေး)က ငွေကျပ်၁၀သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်နှင့်အဖွဲ့ဝင် ဦးမြင့်သိန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၈

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၈ ဒသမ ၂ တန်သည် ဩဂုတ် ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ဩဂုတ် ၆ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဝက်ဝံကျေးရွာသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တပ်မတော် အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာအုပ်စု ဆမ္မဆယ်ကျေးရွာရှိ ငွေရည်ပုလဲကုမ္ပဏီ၏ ဆင်းရွှေလီသကြားစက်သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ တိုင်းမှူးက စက်ရုံနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံအုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်နှင့် တာဝန်ရှိသူများက စက်ရုံတည်နေရာ အကျယ်အဝန်း၊ မွမ်းမံထိန်းသိမ်းမှု လုပ်ငန်းများအားလည်းကောင်း၊ ကြံစိုက်တောင်သူများအား ကူညီပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေများကိုလည်းကောင်း၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာလမ်းများ ဖောက်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ တံတားများ ပြုပြင်တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ကြံစိုက်မြေနေရာများတွင် မြေဩဇာများ မပျက်စီးစေရေးအတွက် သီးထပ်သီးနှံများစိုက်ပျိုးရေး၊ သဘာဝမြေဩဇာများ အသုံးပြုရေး၊ ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေး၊ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံ ကြံစိုက်တောင်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် ဝိုင်းဝန်းကူညီ စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ၂၀၀၈ ခုနှစ် ကြံရာသီတွင် ကြံကြိတ်ဝါးနိုင်ရန်အတွက် စက်ရုံအတွင်း ပြုပြင်မွမ်းမံမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် ဂုတ်တွင်း အဆင်းလမ်း မိုင်တိုင်အမှတ်-၈၀/၄ သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူ ရှစ်ဧက၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ကြက်ဆူသီးဆွတ်ခူးနေမှုအား ကြည့်ရှုအားပေးပြီး နောင်ချိုမြို့နယ်၏ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးမှု မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုသည်။

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂုတ်တွင်းရှုခင်းသာရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ရွှေလီ-မန်စံ-ရွှေစာရံ(၂၃၀) ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်း ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တိုင်းမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က ရွှေလီ-မန်စံ-ရွှေစာရံ(၂၃၀) ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်း ဆောင်ရွက်ကြသူများအား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် (၂၃၀) ကေဗွီဓာတ်အားလိုင်းသွယ်တန်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် ဘော်ကြိုကျေးရွာသို့ ရောက်ရှိကာ သမိုင်းဝင် ဘော်ကြိုမုဋ္ဌော စေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က စေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် နားခဲကျေးရွာသို့ ရောက်ရှိပြီး တောင်သူ ဦးစိုင်းသာညွန့်၏ လယ်မြေ၌ တစ်တန်းချင်းကြိုးဆွဲစနစ်ဖြင့် စိုက်ပျိုးနေသည့် ဆင်းရွှေလီ ၁ ဒသမ ၂၄ ဧက စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးပြီး တောင်သူ ဦးစိုင်းသာညွန့်နှင့် ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၁၃၀)ရှိ သီပေါ-လားရှိုး ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတားတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအားရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီမှ အင်ဂျင်နီယာချုပ် ဦးချစ်က တံတားတည်ဆောက်ရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က တံတားရေရှည် တည်တံ့ကောင်းမွန်အောင်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် တည်ဆောက်ရေးတို့ကို မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သီပေါတံတားသည် သံပေါင်၊ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တံတားအရှည် ၃၆၉ ပေ၊ ချဉ်းကပ်လမ်းပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် ငါးပေဖြစ်ပြီး သီပေါနှင့် လားရှိုးမြို့တို့ကို ဆက်သွယ်နိုင်ရန် ဒုဋ္ဌဝတီမြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် တံတားဖြစ်သည်။

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တန် ၆၀ ခံနိုင်ဝန်ရှိသည့် Pon toon တံတား(သီပေါ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တံတားတည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဗိုလ်ချုပ်မင်းအောင်လှိုင်က တံတားတည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများအား ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်သည်။

ထို့နောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် Pon-toon တံတား(သီပေါ) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ Pon toon တံတား(သီပေါ)သည် တန် ၆၀ ခံနိုင်ဝန်ရှိပြီး ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတားတည်ဆောက်ဆဲကာလတွင် တန် ၆၀ ရှိ ယာဉ်ကြီးများ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး တည်ဆောက်မှု ၆၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက်ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သီပေါ-လားရှိုး လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဆင်းရွှေလီ ပြောင်းခင်းများကို မော်တော်ယာဉ်များပေါ်မှ ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာလာရာ လားရှိုးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင် ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀) ကေဗွီဓာတ်အားလိုင်း သွယ်တန်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ရှေး-မက္ခရာမြို့ဟောင်း စေတီတော်များ လျှပ်စစ်မီးသွယ်တန်းရေး အလှူတော်မင်္ဂလာ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရှေး-မက္ခရာမြို့ဟောင်း စေတီတော်များအားလုံး ယခုအခါ ပြန်လည်တူးဖော်ပြင်ဆင်ပြီးဖြစ်သည့်အပြင် မက္ခရာမြို့ဟောင်းအနီး ရှေးဟောင်း ရွှေစည်းခုံစေတီတော်မြတ်ကြီးကိုလည်း စတင်ပြင်ဆင်ပူဇော်လျက်ရှိပြီဖြစ်ရာ လျှပ်စစ်မီးရရှိရန် လိုအပ်ချက်အရ ဦးမင်းလှအောင်-ဒေါ်ကြူကြူမာ (နဂါးညီနောင်သက်န်းတိုက် ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့) မိသားစုတို့မှ ထရန်စဖော်မာ စတင်လှူဒါန်းပြီးဖြစ်သည်။

ကျန်လျှပ်စစ်မီးသွယ်တန်းရန် လုပ်ငန်းရပ်များအတွက် အလှူတော်ငွေကျပ် သိန်း ၄၀၀ ကျော်ခန့် လိုအပ်လျက်ရှိသဖြင့် စေတနာရှင်များအနေဖြင့် အရှင်ကုသလာဘိဝံသ မဟာဂန္ဓာရုံကျောင်းတိုက် ကျောက်ဆည်မြို့ ၀၆၆-၅၀၃၄၉၊ ၀၉-၂၀၁၂၁၂၂၊ အရှင်ကုသလာဘိဝံသ ရွှေရောင်တော်ဘုရားကျောင်း မက္ခရာရွာ စဉ့်ကိုင်မြို့နယ် ၀၆၆-၄၀၁၉၈၊ ဦးမင်းလှအောင်-ဒေါ်ကြူကြူမာ နဂါးညီနောင်သင်္ကန်းတိုက် ကုန်ဈေးတန်းလမ်း ရန်ကုန် ၀၁-၃၇၉၆၉၅၊ ၀၁-၂၅၀၄၄၉၊ ဦးကျော်မင်း စိန်နှင့်မြမွေ့ရာ ၃၄ လမ်း (၈၀-၈၁ ကြား) မန္တလေး ၀၂-၃၄၂၁၇၊ ၀၉-၂၀၀၂၅၇၅၊ ဦးထွန်းထွန်းဦး၊ ဒေါ်မီမီလွင် မြို့မရပ်ကွက် စဉ့်ကိုင်မြို့ ၀၆၆-၄၀၂၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရွှေတိဂုံစေတီတော်မြတ်အားကြည်ညို

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်သို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဒေါက်တာ တင်သိန်းလွင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားသည် ဧည့်ခံတန်ဆောင်း၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်နှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည်ညိုလေ့လာရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ အလုပ်သမားနှင့် ယဉ်ကျေးမှုတို့ အနိုင်ရ

နေပြည်တော် ဩဂုတ် ၈

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်း၌ (ခ)အုပ်စုတွင်အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းက တရားရုံးချုပ်ဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်ပျဉ်းမနားပေါင်းလောင်း အားကစားကွင်း၌ (ခ)အုပ်စုတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဘောလုံးအသင်းက အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ နေပြည်တော်ရှိဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

၉-၈-၂၀၀၈
(နေပြည်တော်ကွင်း)
အုပ်စု(ဂ)
ရထားနှင့် ပြန်ကြားရေး
(ပေါင်းလောင်းကွင်း)
အုပ်စု(ဂ)
ဆောက်လုပ်ရေး နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး

(၁၀၇)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၈

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်(WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၀ဒသမ ၈၃တန်သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော် ဧရာဝတီတိုင်း (၁၇)ကြိမ်မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ် အခမ်းအနားတွင် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အားဆေး၊ နို့တိုက်မိခင်အားဆေး၊ အနီးနှင့် အိုင်အိုဒင်းဆားများ လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၉)ရပ်ကွက် ပရဟိတကံဦးကျောင်းတိုက် တိုးချဲ့နှစ်ထပ်ဆောင်သစ်ကြီးအတွက် ဗဟန်းမြို့နယ် အာဇာနည်လမ်း ကွမ်းရင်စီ တရုတ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနေ ပဓာနနာယက ဆရာတော် ဦးအာစာရက ဒုတိယအကြိမ် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းရာ ဆရာတော် ဦးအဂ္ဂဝံသမှ လက်ခံရယူပြီး ဆရာတော်ကိုယ်စား ဆရာဦးစိုးရှိန်က ရေစက်ချလှူဒါန်းစဉ်။ (ကြေးမုံ)

ချစ်နိုင်(စိတ်ပညာ)၏ သားအတွက် ဓားတစ်လက် လူငယ်စိတ်ပညာစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၈

ချစ်နိုင်(စိတ်ပညာ)၏ "သားအတွက် ဓားတစ်လက်" လူငယ်စိတ်ပညာ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်တွင် ဗိုလ်ဆိုတာ၊ သင်္ချိုင်းမှ လောကပေမို့၊ အလိုက်သင့်နေနိုင်စွမ်း၊ လုံ့လပင်စည်အရင်းတည်မှု၊ အသိနှင့်အကျင့်၊ ဒဏ်ခံနိုင်စွမ်း၊ ကိုယ်ပိုင်အချိန် အသုံးချခြင်း၊ ကျန်းမာကြပါစေ၊ ကံညာဏ်ကို ယုံကြည်ပါ၊ ဒေါသသည် မိမိကိုယ်အား ဖျက်ဆီး၏ စသည့် ဆောင်းပါးများပါရှိကာ ဒို့ကျောင်းသား၊ သင့်ဘဝ၊ ရှုမဝ၊ မြတ်ပန်းရဂုံ၊ မြို့တော်၊ ပန်းတိုင်၊ သောင်းပြောင်းထွေလာ ရယ်စရာ၊ စစ်ပြန်၊ စံပယ်ဖြူ၊ ရုပ်ရှင်အောင်လံ စသည့် စာစောင်၊ မဂ္ဂဇင်းများတွင် ပါရှိပြီး ဆောင်းပါးများကို စုစည်းဖော်ပြထားကြောင်း၊ ယင်းစာအုပ်ကို နိုင်စာပေ အမှတ်(၂၂) ပန်ဆိုးတန်းလမ်း ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းတကော်မြို့ (အနောက်)စွန်းလွန်းဂူ ၁၀ ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၈

ပဲခူးတိုင်းအင်းတကော်မြို့(အနောက်) စွန်းလွန်းဂူ ဝိပဿနာတောရကျောင်းတိုက်၌ ဝါတွင်း တရားစခန်းပွဲကို ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာဘာဝနာတရားကို ပဓာနနာယကဆရာတော်(ဆရာတော် ဦးမဟာနာမ်) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယ ဆရာတော်မှ ဟောကြားပြသ၍ (၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၁၂ ရက်) ဩဂုတ် ၁၃ ရက်မှ (ဝါခေါင်လပြည့်ကျော် ၇ ရက်) ဩဂုတ် ၂၃ ရက်အထိ ၁၀ ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများနှင့် လှူဒါန်းလိုသူ အလှူရှင်များသည် ဆရာတော် ဖုန်း-၀၉-၅၀၀၀၃၁၃၊ ဦးသန်းညွှန့် ဖုန်း-၀၁-၅၇၂၉၂၈၊ ဦးစိန်ဝင်း ဖုန်း-၀၉-၉၉၇၂၄၇၅၊ ဦးအုန်းဝင်း ဖုန်း-၀၁-၅၆၅၇၃၇၊ ဦးအောင်သူ ဖုန်း-၀၉-၅၁၆၈၉၆၂၊ ဦးအေးလွင် ဖုန်း-၀၉-၅၁၇၇၂၀၄၊ ဦးညွှန့်ဝေ ဖုန်း-၀၁-၇၀၃၀၈၄၊ ဦးထွန်းအေး ဖုန်း-၀၁-၅၆၁၆၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -နှစ်ယောက်မရှိဘူး (လွင်မိုး၊ ထွန်းအိန္ဒြာဗိုလ်)**
၁း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေး တေးကဗျာ
၄း၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ (အပိုင်း-၅၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့ နောက်ကွယ် (အပိုင်း-၁၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ရောဝတီတိုင်း ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၄၀တွင် ရောဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ ခုနှစ် ရောဝတီတိုင်း ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်အားပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် စပါးစိုက်ခင်းများအတွင်းသို့ ငါးခုံးမ၊ တီလားပီးယား၊ ရွှေဝါငါးကြင်းငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင်မိုးစပါးစိုက်ပျိုးမှုအနေဖြင့် တစ်နိုင်ငံလုံး၌ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် လျာထား ဧက ၁၇၂၁၁၈၂၀ရှိပြီးရောဝတီတိုင်းအနေဖြင့်လျာထားဧက၃၆၉၂၈၃၀ ရှိသောကြောင့်တစ်နိုင်ငံလုံး၏စပါးစိုက်ဧက ၂၁ ဒသမ ၄ရာခိုင်နှုန်းရှိသဖြင့် နိုင်ငံ၏ ပထမအများဆုံးနေရာမှ ရှိနေ၍ နိုင်ငံတော်၏ ပထမ စပါးကျီအဖြစ် သတ်မှတ်ရမှာဖြစ်ကြောင်း၊ ရောဝတီတိုင်းအနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် အဓိကသီးနှံဖြစ်သော မိုးစပါးဧက ၃၇ သိန်းနှင့် နွေစပါးဧက ၁၂ ဒသမ ၆ သိန်း၊ ဆီထွက်သီးနှံဧက ၅ဒသမ၉ သိန်းနှင့် ပဲမျိုးစုံဧက ၁၉ သိန်းတို့ကို အကောင်အထည်ဖော်စိုက်ပျိုးသွားရန် နိုင်ငံတော်က တာဝန်ပေးအပ်ထားကြောင်း၊မိုးစပါးအကောင်အထည်ဖော် စိုက်ပျိုးမှုမှာ ယနေ့ဆိုလျှင် မိုးစပါးဧက ၃၃၀၀၈၁၇ဧကစိုက်ပျိုးပြီးစီးပြီး ၂၆၇၂၀၈၄ ဧကကို ရေတော် မိုးတော် စိုက်ပျိုးနိုင်ခဲ့သောကြောင့် ရေတော်မိုးတော် မိုးစပါးဧရိယာများ ကွင်းပိတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိသော မိုးစပါးများကိုလည်း အပြည့်အဝဆက်လက် ကြိုးပမ်းစိုက်ပျိုးကြရန်၊ စိုက်ပျိုးပြီးစပါးများ အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သောပြုစုစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက အမှာစကား ပြောကြားပြီးနောက် တိုင်းအဆင့် ဌာနဆိုင်ရာများက ရောဝတီတိုင်း၏ စိုက်ပျိုးရေးဆိုင်ရာများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရောဝတီတိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ခြင်း အစီရင်ခံစာကို တိုင်းမှူးထံ အပ်နှံကြသည်။

ထို့နောက် ရောဝတီတိုင်းအတွင်းရှိ ခရိုင်များ၏ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကောက်စိုက် လုံမေများက ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကွင်းယား အရှေ့ကျေးရွာရှိ တစ်မိုးနှစ်သီး ထွန်းသီရိစပါးမျိုး စမ်းသပ်စိုက်ကွင်းအား ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရောဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ဦးစီးကျင်းပသည့် စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပရာ ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က ဒေသခံတောင်သူလယ်သမားကြီးများထံသို့ ငါးမျိုးများပေးအပ်ကြပြီး စပါးစိုက်ခင်းများ အတွင်းသို့ ငါးခုံးမကောင်ရေ ၆၀၀၀၀၊ တီလားပီးယားကောင်ရေ ၃၀၀၀၀ နှင့် ရွှေဝါငါးကြင်းကောင်ရေ၁၀၀၀၀စုစုပေါင်းကောင်ရေ၁၀၀၀၀၀အား ငါးမျိုးစိုက်ထည့်ပေးကြကာ ပြသထားသော ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကြိုတင်ငွေစုဆောင်းပြီး စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာ (၁၂) လက်တွန်းထွန်စက် ၁၁ စီး ဝယ်ယူထားသော တောင်သူဦးကြီးများအား လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာက တောင်သူကိုယ်စားလှယ် ဦးမြမောင်ထံသို့ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပြီးစက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက အဆိုပါ လက်တွန်းထွန်စက်များကိုတောင်သူဦးကြီးများ၏ ကျေးရွာအရောက် လိုက်လံပို့ဆောင်ပေးကြခြင်းအား ကြည့်ရှုသည်။

ဆက်လက်၍ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်သော အသင်းများအား ယှဉ်ပြိုင်ဆုများ ချီးမြှင့်ပြီး ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်ဆန်းက တတိယဆုရ မြောင်းမြခရိုင် ကောက်စိုက်အသင်းအား ဂုဏ်ပြုငွေကျပ်နှစ်သိန်းနှင့် တတိယဆုကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဟင်္သာတခရိုင် ကောက်စိုက်အသင်းအား ဂုဏ်ပြုငွေကျပ် သုံးသိန်းနှင့် ဒုတိယဆုကိုလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ပထမဆု ရရှိသော ပုသိမ်ခရိုင် ကောက်စိုက်အသင်းအား ဗိုလ်ချုပ်ကိုကိုက ဂုဏ်ပြုငွေကျပ် ငါးသိန်းနှင့် ပထမဆုကို ချီးမြှင့်သည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာသို့ ရောက်ရှိကြပြီး မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်း ကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒေသခံတောင်သူ ဦးသိန်းဆိုင်ထွန်း၏ စပါးခင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စမ်းသပ်စိုက်ပျိုးထားသော အထွက်ကောင်း စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ကွက်တွင်သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စုပေါင်းကြဲပက်ခြင်းကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ် ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြရွှေဝါခန်းမ၌ မြောင်းမြခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာ၌ မြောင်းမြခရိုင်အတွင်း သဘာဝဘေးဒဏ်ခံခဲ့ရသော မြို့နယ် နှစ်မြို့နယ် ပါဝင်ခဲ့ကြောင်း၊ ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုလို သဘာဝဘေး ကာကွယ်တားဆီးရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ကာလတိုအတွင်း ခရီးပေါက် အောင်မြင်ခဲ့သည်ကို အထင်အရှား တွေ့မြင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအချက် သုံးချက်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး အခြေခံများ တောင့်တင်းခိုင်မာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အား မျက်ခြည်မပြတ် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုကအခမ်းအနားကို တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊မြို့မိမြို့ဖများ၊လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဖခင် (ဗိုလ်မှူး ခင်မောင်ထွေး-လေ)နှင့် မိခင် ဒေါ်ခင်မမ(ခ)ဒေါ်စိန်စိန်ရီတို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ မခင်ဥမ္မာထွေး၊ မောင်ဝဏ္ဏထွေး- မခင်သီတာဌေး၊ မောင်မျိုးမင်းသန့်-မခင်သဇင်ထွေး၊ မောင်သိန်းလွင်-မခင်စန္ဒီထွေး(ခ)မစန္ဒာဝင်း၊ သား၊ သမီး၊ မြေး တစ်စုကအလှူငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)(သဒ္ဓမ္မဇောတိကဓဇ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သဲကုန်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

သဲကုန်းမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၆ရက်နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဘေလီတံတားအနီးရှိ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြု ဗိမာန်တော်ကြီး၌ ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇမဟာဓမ္မကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt)(Ph.D)ထံမှပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး သဲကုန်းမြို့နယ် အသင်းသား၊ အသင်းသူများနှင့် ဧည့်ပရိသတ်တို့က သီတဂူဆရာတော်အား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီတဂူဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သီတဂူဆရာတော်အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင်တောင်ဘက် စောင်းတန်းတော် အတွက် မရမ်းကုန်း မြို့ နယ် (၄) ရပ်ကွက် အောင်မင်္ဂလာလမ်းနေ ဦးဌေးလွင် မွေးနေ့အတွက် ဇနီး ဒေါ်မာလာမြင့်၊ သမီး မချစ်ဖူးဖူးလွင်၊ သား မောင်ဟိန်းမင်းနောင်နောင် မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့် လက်ခံယူစဉ်။ (ကြေးမုံ)

သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြု ပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီး ထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ဖောင်တိန်	၁၈၈၄	Waterman	အမေရိကန်
၂	ချိန်သီးနာရီ	၁၅၈၃	Galileo	အီတလီ
၃	ဓာတ်စက်	၁၈၇၇	Edison	အမေရိကန်
၄	ရောင်စုံဓာတ်ပုံ	၁၈၉၂	Ives	အမေရိကန်
၅	ရုပ်ရှင်ဖလင်	၁၈၉၃	Reichembach	အမေရိကန်
၆	မိတ္တူကူးစက်	၁၉၃၈	Carlson	အမေရိကန်
၇	ဓာတ်ပုံစက္ကူ	၁၈၃၅	Talbot	အင်္ဂလိပ်
၈	ဓာတ်ပုံပညာ	၁၈၁၆	Niepce	ပြင်သစ်
၉	ဓာတ်ပုံပညာ	၁၈၃၅	Talbot	အင်္ဂလိပ်
၁၀	ဓာတ်ပုံပညာ	၁၈၃၅	Daguerre	ပြင်သစ်

သဘာဝဘေးကာကွယ်ပေးမည့် ဒီရေတောများ

တက္ကသိုလ် တင်လက်ျာ

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲတောင်များ အရည်ပျော်ပြီး မြစ်ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းများ မကြာခဏ ကျရောက်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းသည် ၂၀၀၈ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှစ၍ မြန်မာစံတော်ချိန် ၁၂း၃၀နာရီတွင် ဘင်္ဂလားပင်လယ်အော်၌ စတင်ဖြစ်ပွားခဲ့သည်။ မေလ ၂ရက်နေ့နှင့် မေလ ၃ရက်နေ့များ၌ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်များကိုတိုက်ခတ်သွားခဲ့ပါသည်။

၎င်းနာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လူများသေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ အိမ်ခြေမြောက်မြားစွာ ပျက်စီးခြင်း၊ ကျွဲ၊ နွားတိရစ္ဆာန်များစွာသေကျေခြင်း၊ တာတမံများကျိုးခြင်း၊ လယ်မြေများ ဆားငန်ရေကြောင့် ပျက်စီးခြင်း၊ မွေးမြူရေးဧရိယာများ ပျက်စီးခြင်းတို့အပြင် ဧရာဝတီတိုင်းအတွင်းရှိ ဒီရေတောများ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှု များပြားခဲ့ရပါသည်။

ဒီရေတောများသည် သစ်တောသစ်ပင်များကဲ့သို့ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်(CO_2)ကို စုပ်ယူခြင်း၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် နေထိုင်ကြသူများ၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် များစွာအထောက်အကူပြုပါသည်။ ဒီရေတော Mangrove Forest အခေါ်အဝေါ်သည် အင်္ဂလိပ်လို အပင်အုပ်စု(Grove)နှင့် စပိန်စကား မန်ဂဲလ်(Mangle)မှလည်းကောင်း၊ ပေါ်တူဂီစကားမန်ချူး(Mangue)မှလည်းကောင်း ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ "ပင်လယ်ကမ်းစပ် ရွှံ့နွံတောများတွင် စုဝေးပေါက်ရောက်နေသောသစ်တောအစုအဝေး"ဟု ဆိုလိုပါသည်။ ပင်လယ်ကမ်းစပ်၌ပေါက်ရောက်သောဒီရေတောများကို-

(၁) လမုတောများ (Mangrove Forests)

(၂) ဒီရေတောများ (Tidal Forests)

(၃) ကမ်းရိုးတန်းတောများ (Coastal Wood Land) ဟူ၍လည်းကောင်း ဦးတင်လှ(သစ်တော)၏ **"ထာဝစဉ်တည်တံ့စေမည့် သစ်တောလမ်းညွှန်"** ၂၀၀၀ ပြည့်နှစ်တွင် ဖော်ပြထားပါသည်။ ၎င်း (Mangrove) ဒီရေတောဟု ဆင်းသက်လာပြီး ဒီရေတောအပင်များကို စတင်မှတ်တမ်းပြုခဲ့သည့်နှစ်မှာ ၁၆၁၃ခုနှစ်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘာ့အပူပိုင်းနှင့် သမပိုင်းဒေသရှိ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် တည်ရှိသော သဘာဝသယံဇာတတစ်မျိုးပင် ဖြစ်ပါသည်။

ဒီရေတောနှင့် ပတ်သက်၍ အတိုချုံးဖော်ပြရပါက ၎င်းဒီရေတောများသည် ကမ္ဘာပေါ်တွင် တောင်နှင့်မြောက်လတ္တီတွဒ် ၃၀ဒီဂရီအကြားတွင် အများအပြား တွေ့ရှိရပြီး ဩစတြေးလျနိုင်ငံ တောင်ပိုင်းတွင် တောင်လတ္တီတွဒ် ၃၂ဒီဂရီကို ကျော်လွန်၍ လည်းကောင်း၊ ဘာမြူဒါနှင့် ဂျပန်နိုင်ငံတို့တွင် မြောက်လတ္တီတွဒ် ၃၂ဒီဂရီကို ကျော်လွန်၍ လည်းကောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ဒီရေတောများ ပေါက်ရောက်မှုကို ပထဝီအနေအထားအရ အင်ဒိုပစိဖိတ်ဒေသ ဒီရေတောများနှင့် အနောက်အာဖရိကနှင့် အမေရိကဒေသ ဒီရေတောများရှိ သစ်မျိုးအရေအတွက်ထက် ပိုမိုများပြားကြောင်း လေ့လာသိရှိရပါသည်။

ဒီရေတောဂေဟစနစ်သည် ပင်လယ်ပြင်ဂေဟစနစ်များ (Marine Ecosystem) နှင့် ကုန်းတွင်းပိုင်း ဂေဟစနစ်များ (Terrestrial Ecosystem) ၏ တည်ငြိမ်မှုကို ချိန်ညှိပေးနေသည့် အရေးပါသော အနေအထားတွင် ရပ်တည်လျက်ရှိသည်။ ဒီရေတောများတွင် ကုန်းပိုင်းနှင့် ရေနေသတ္တဝါများ နှစ်မျိုးလုံး ရှင်သန်နေထိုင်ကြသည်။ အထူးသဖြင့် တန်ဖိုးကြီးသော လင်းပိုင်၊ မိကျောင်း၊ မြွေ၊ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ လိပ် မျိုးစိတ်များ ပေါက်ပွားရှင်သန်ရာနေရာဖြစ်သည့်အတွက် ဒီရေတောတည်ရှိမှုသည် ပင်လယ်နှင့်ကုန်းတွင်းပိုင်း ငါးဖမ်းလုပ်ငန်းများအတွက် အရေးပါသည်။ ဒီရေတော အမျိုးအစားဝင် သစ်ပင်မျိုးစိတ် (Species) ၇၀ ကျော်ခန့်ရှိပြီး အရှေ့တောင်အာရှတွင် ၄၀ ခန့်၊ အာဖရိကတွင် ၁၅မျိုးနှင့် အမေရိကတိုက်များဒေသတွင် ၁၀ မျိုးခန့် ပျံ့နှံ့ပေါက်ရောက်နေကြောင်း လေ့လာတွေ့ရှိ ရပါသည်။ Source(State of the World's Forests 2000 FAO) မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် ဒီရေတော ဟက်တာ ထောင်ပေါင်း ၁၄၆၀၀ ကျော်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ဒီရေတောအများဆုံးပေါက်ရောက်သည့် နိုင်ငံများမှာ (၁) အင်ဒိုနီးရှား၊ (၂) ဘရာဇီး၊ (၃) ဩစတြေးလျ၊ (၄) နိုင်ဂျီးရီးယား၊ (၅) မလေးရှား၊ (၆) ဘင်္ဂလားဒေ့ရှ် (၇) မြန်မာ၊ (၈) ဗီယက်နမ်၊ (၉) ကျူးဘား၊ (၁၀) မက္ကဆီကို၊ (၁၁) ဆီနီဂေါ၊ (၁၂) အိန္ဒိယ၊ (၁၃) ကိုလံဘီယာ၊ (၁၄) ကင်မရွန်း၊ (၁၅) မာဒါဂါစကာတို့ဖြစ်ပါသည်။ ဒီရေတောများရှိရာ နေရာများကို ဒေသကြီး(၅)ခု ပိုင်းခြားထားပါသည်။ ၎င်းတို့မှာ အာဖရိက၊ အာရှ၊ မြောက်ပိုင်းနှင့်အလယ်ပိုင်းအမေရိက၊ သမုဒ္ဒရာကျွန်းများနှင့် တောင်အမေရိကဒေသကြီးတို့ ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်ဒေသအချို့တို့တွင် ဒီရေတောများ အများအပြား ပေါက်ရောက်လျက်ရှိပြီး၊ ၁၉၉၃ ခုနှစ် (IUCN, Ecology and Management of Mangrove, 1993) မှတ်တမ်းထုတ်ပြန်ချက်အရ ဒီရေတော ဟက်တာပေါင်း ၈၁၂၀၀၀ ရှိကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံရှိ ဒီရေတောများအနက် ဧရာဝတီတိုင်းသည် ဒီရေတော အများအပြားပေါက်သည့် ဒေသတစ်ခုဖြစ်ပါသည်။ ၎င်းဒေသရှိ ပင်လယ်ဒီရေများသည် ဒီရေတောများကို အာဟာရဖြည့်တင်းပေးပြီး ကုန်းတွင်းပိုင်းမြစ်များမှတစ်ဆင့် သယ်ဆောင်လာသော အနည်များသည် မြစ်ဝရှိ ရွှံ့နွံများကို ဓာတ်သတ္တုဖြင့် ကြွယ်ဝစေပါသည်။ ထို့ကြောင့် ဒီရေတောများကို ကုန်းမြေနှင့် ပင်လယ်တို့၏ လက်ဆောင်ပဏ္ဏာ (Gift of the land and the sea)ဟု တင်စားခေါ်ဝေါ်ကြပါသည်။

ဒီရေတောများသည် ကုန်းတွင်းနှင့် ရေနေသတ္တဝါများ ပေါက်ပွားရှင်သန်ရာ နေရာဒေသဖြစ်သည့်နည်းတူ ရေထွက်ပစ္စည်းထုတ်လုပ်မှုအတွက် အရေးပါသော ရေနေသတ္တဝါများ ပေါက်ပွားရာ၊ ခိုအောင်းရာ၊ ကျက်စားရာ အဓိကနေရာများ ဖြစ်ပါသည်။ ဒီရေတောဧရိယာ တစ်ဟက်တာမှ ရေနေသတ္တဝါများအတွက် နှစ်စဉ် သဘာဝအစာ ၁၀တန် ထွက်ရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒီရေတောများသည် ရေနေသတ္တဝါများအတွက် ခေါင်းတိုင်ပျောက် မီးခိုးတိတ် အစာစက်ရုံများဟု တင်စားခေါ်ဝေါ်လေ့ရှိကြပါသည်။ အာရှတိုက်အတွင်းရှိ ဒီရေတောများသည် ငါးမျိုးပေါင်း ၂၈၀ ကျော်၊ ပုစွန်နှင့် ကဏန်းမျိုးပေါင်း ၂၀၀ ကျော်၊ ရေခရုမျိုးပေါင်း ၂၀၀ ကျော် ပေါက်ပွားရှင်သန်ရာ ဒေသများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် စတုရန်းကီလိုမီတာ ၃၃၆၇၀ ကျယ်ဝန်းသည့် မြစ်ချောင်းကွန်ရက်ကြီးတစ်ခု ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်အနည်းငယ်သာရှိသဖြင့် ပုံမှန်ဒီရေနှင့် မိုးတွင်းအခါတွင် မိုးရေလွှမ်းမှုကိုခံရသည်။ ဒီရေ အမြင့်ဆုံးတက်ချိန်များတွင် မြေနိမ့်လွင်ပြင်အများစုသည် ပင်လယ်ဆားငန်ရေနှင့် ရေချိုရေငန်စပ်လွှမ်းမိုးခြင်းခံရသည်။ ဒီရေအကျဆုံးအချိန်များတွင် မြေပြင်ခြောက်သွေ့ပြီး ဆားအငန်ဓာတ် တက်လာသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အမြင့်ဆုံးပျမ်းမျှအပူချိန်မှာ မှတ်တမ်းများအရ ၃၅/၃၇ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဒီရေတောအမျိုးအစားများ

ဒီရေတောများအတွင်း အပင်ပေါက်ရောက်မှုသည် ဆားငန်ရေသိပ်သည်းဆ အနည်းအများနှင့် ဒီရေဖုံးလွှမ်းခံရမှု ကာလအတိုင်းအတာအပေါ် မူတည်၍ ဒီရေရောက်သစ်တောများကို အမျိုးအစား(၄)မျိုး ခွဲခြားထားပါသည်။

(က) အောက်ပိုင်းဒီရေတောများ (Low Mangrove Forest)

ဒီရေအမြဲဖုံးလွှမ်းခြင်းခံရသော လတာပြင်များတွင် တည်ရှိ၍ သစ်ပင်အမြင့် ၁၀ ပေမှ ပေ ၂၀အထိသာ ရှိနိုင်သော သစ်ပင်မျိုးစိတ်များ ထူထပ်စွာ ပေါက်ရောက်ပါသည်။ ၎င်းအပင်များမှာ ဆေးဘက်ဝင်အပင်များဖြစ်သော မဓမ၊ သမဲ့၊ ဗိုင်းတောင့် အပင်များဖြစ်ပြီး အောက်ခြေများတွင် ခရာပင်များ ပေါက်ရောက်လေ့ရှိသည်။

(ခ) ဒီရေတောသစ်ပင်တောများ (Tree Mangrove Forest)

ပင်လယ်ဒီရေတက်ရောက်လေ့ရှိသည့် မြစ်ချောင်းများ၏ ပင်လယ်ဘက် ရွှံ့ကုန်းမြေများအသစ်ဖြစ်ထွန်းမှုရှိသည့် နေရာများတွင် ပင်လယ်ဒီရေ နေ့စဉ်ဖုံးလွှမ်းခံရပြီးသည့်နေရာများ၌ ပေါက်ရောက်လေ့ရှိသည်။ လေရှူမြစ်များနှင့် အပင်အညှောင့်များ ထွက်နေခြင်းကိုလည်း တွေ့ရှိနိုင်သည်။ လမု၊ လမဲ့၊ ကန့်လာ၊ ပြူး၊ ပြူးခြေထောက်များအပြင်၊ ပင်လယ်အုန်း၊ ဓနိ၊ ခရာ၊ သမဲ့ အပင်များ ပေါက်ရောက်လေ့ရှိသည်။

(ဂ) ရေချိုကနစိုတောများ (Fresh Water Heritiera Forest)

ပင်လယ်ဆားငန်ရေဓာတ်နည်းပါးသော နွေရာသီကာလတွင် ဒီရေဖုံးလွှမ်းခြင်းခံရပြီး မိုးရာသီတွင် ရေချိုများသာ ဖုံးလွှမ်းသည့် နေရာများတွင် ပေါက်ရောက်လေ့ရှိသည်။ ဒီရေရောက်ရှိသည့် မြစ်များ၊ ချောင်းများ၏ ကမ်းပါးများထက် နိမ့်သော်လည်း ပင်လယ်ကမ်းစပ်ရှိ ချိုင့်ဝှမ်းငယ်များထက် မနိမ့်သော နေရာဒေသများတွင် ပေါက်ရောက်ကြသည်။ ၎င်းဒေသတွင် ပေါက်ရောက်သည့် ဒီရေတောများကို အမျိုးအစားကောင်းသည့် ဒီရေတောဟု သတ်မှတ်ပြီး အမြင့်ပေ ၅၀ မှ ၁၀၀ ကျော်အထိရှိသည်။ ၎င်းတောများတွင် ပေါက်ရောက်သည့် ဒီရေတောနှင့် အပင်မျိုးများမှာ ကနစို၊ သင်ပေါင်း၊ သစ်နီ၊ ပြူးဥတစ်လုံး၊ ဗိုင်းတောင့်၊ ကျနု၊ ခရာ၊ ကျည်းပင်များ ဖြစ်သည်။

(ဃ) ရေငန်ကနစိုတောများ (Saltwater Heritiera Forest)

၎င်းဒီရေတောများသည် မြစ်ကြီးများ၏ မြစ်ဝတွင် အောက်ပိုင်းဒီရေတောများ (Low Mangrove Forest)နှင့် ဒီရေတောသစ်ပင်တောများ (Tree Mangrove Forest)တို့၏ အတွင်းဘက်ကုန်းမြေတွင်တွေ့ရှိရပါသည်။ ၎င်းဒီရေတောများတွင် ဆားငန်ရေ နေ့စဉ်ဖုံးလွှမ်းခြင်းခံရသဖြင့် အပေါ်ယံရွှံ့မြေမျက်နှာပြင်သည်မာ၍ ကွဲအက်နေလေ့ရှိပါသည်။ ဒီရေတောများ ထူထပ်စွာ ပေါက်ရောက်သော်လည်း အပင်များမှာ မြင့်မားခြင်းမရှိဘဲ လုံးပတ်အနေဖြင့်လည်း ကြီးထွားမှုမရှိကြောင်း တွေ့ရှိရသည်။ လေရှူမြစ်များပြားပြီး ကိုင်းထောက်မြစ်နည်းပါးသည်။ ၎င်းတောများတွင် ပေါက်ရောက်သည့် အပင်များမှာ ပင်လယ်အုန်း၊ သင်ပေါင်း၊ ဓနိ၊ ကနစို၊ သရော်၊ ကျနု၊ ပြူးဥတစ်လုံးပင်တို့ ဖြစ်ပါသည်။

၎င်းဒီရေတောများအတွင်းနှင့် ဒီရေတောဒေသ အနီးတစ်ဝိုက်တွင် နေထိုင်ကြသူများသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် ထိုတောများမှ နေ့စဉ် သဘာဝလက်ဆောင်အဖြစ် ပေးထားသော ဒီရေတောသယံဇာတများအား ထုတ်ယူမှီခိုနေထိုင်ကြလျက် ရှိကြပါသည်။ ဒီရေတောသယံဇာတများမှ ရရှိသည့် အကျိုးကျေးဇူးများမှာ-

(က) ယနေ့ Global Warming ခေါ် ကမ္ဘာကြီးပူနွေးလာမှု၊ ကမ္ဘာ့လေထုအတွင်းရှိ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ (Green House Gases) မြင့်တက်လာခြင်းတွင် အဓိကအရေးပါသည့် ဓာတ်ငွေ့တစ်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များအား လေထုထဲမှ စုပ်ယူရာတွင် ဒီရေတောများသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိခြင်း။

(ခ) ပင်လယ်ကမ်းစပ်များကို ပင်လယ်လှိုင်းဒဏ်၊ လေဒဏ်က ကာကွယ်ပေးခြင်း။

(ဂ) လေမုန်တိုင်းများ ကျရောက်သည့်အခါ လေတိုက်စားခြင်းကြောင့် ပြိုပျက်ခြင်းများအား ကာကွယ်ပေးနိုင်ခြင်း။ (ဥပမာ- ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်အတွင်းရှိ မိန်းမလှကျွန်း ဘေးမဲ့တောသည် ၁၉၉၃ ခုနှစ်မှစ၍ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် ဧရိယာ ၅၃ စတုရန်းမိုင် ကျယ်ဝန်း၍ တောင်နှင့်မြောက် ခုနစ်မိုင်ခန့်ရှည်လျားသော ကြိုးဝိုင်းတစ်ခုအဖြစ် တည်ရှိခဲ့ရာ ဂေဟစနစ်မပျက်စီးစေရေး အထူးဂရုတစိုက် ထိန်းသိမ်းခဲ့သဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ချိန်တွင် မုန်တိုင်းလမ်းကြောင်းတည့်တည့်သည် ၎င်းဒေသတစ်ဝိုက်သို့ ဦးတည်တိုက်ခတ်ခဲ့ရာတွင်လည်း မိန်းမလှကျွန်း၏ အနောက်ဘက်ရှိ ကဒုံကနိကြိုးဝိုင်း၊ ဒီရေတောကြိုးဝိုင်းများနှင့် ကျေးရွာများမှာ များစွာပျက်စီးခဲ့ပါသည်။ မိန်းမလှကျွန်း၏ အရှေ့ဘက် လေကွယ်ရပ်တွင် ကျရောက်နေသော ပျဉ်ဒရယ်ကြိုးဝိုင်း ဒေသတစ်ဝိုက်နှင့် စက်ဆန်းကျေးရွာကြီးတစ်ဝိုက်တွင် မိန်းမလှကျွန်း ဘေးမဲ့တော၏ အကာအကွယ်ရရှိမှုကြောင့် လေဒဏ်၊ လှိုင်းဒဏ်ခံရမှု လျော့နည်းပြီး အခြားဒေသများထက် အပျက်အစီးအဆုံးအရှုံး နည်းပါးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

ဒီရေတောများတွင် ကုန်းပိုင်းနှင့် ရေနေသတ္တဝါများ နှစ်မျိုးလုံး ရှင်သန်နေထိုင်ကြသည်။ အထူးသဖြင့် တန်ဖိုးကြီးသော လင်းပိုင်၊ မိကျောင်း၊ မြွေ၊ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ လိပ် မျိုးစိတ်များ ပေါက်ပွားရှင်သန်ရာနေရာဖြစ်သည့်အတွက် ဒီရေတောတည်ရှိမှုသည် ပင်လယ်နှင့်ကုန်းတွင်းပိုင်း ငါးဖမ်းလုပ်ငန်းများအတွက် အရေးပါသည်။

❒ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မိန်းမလှကျွန်းသည် ဒီရေတောပေါက်ရောက် ထိန်းသိမ်းမှုကောင်းသောနေရာဒေသတစ်ခုဖြစ်သဖြင့် ကမ္ဘာပေါ်ရှိမိကျောင်းမျိုးနွယ်စု ၁၅ မျိုးရှိသည့်အနက် Crocodylus porosus (List of the Endanger Species, Appendix I&II ;CITES) မိကျောင်းမျိုးနွယ်စုတွင်ပါဝင်သော မိကျောင်းမျိုးနွယ်စု ပေါက်ဖွားရာဒေသတစ်ခုဖြစ်ပြီး မျိုးသုဉ်းရန် အန္တရာယ်ရှိသော မိကျောင်းမျိုးစိတ်လေးမျိုး ကျက်စားနေထိုင်ရာ ဒေသတစ်ခုဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ထို့နည်းတူ မိကျောင်းအများဆုံး ပေါက်ပွားရာဒေသ၊ မိကျောင်းသိုက်ဟုတင်စားနိုင်လောက်သော ဒေသတစ်ခုဖြစ်သဖြင့် မိန်းမလှကျွန်းဒီရေတောအား မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဉယျာဉ် (အာဆီယံအမွေအနှစ်ဉယျာဉ်) ASEAN Heritage တစ်ခုအဖြစ်လည်း သတ်မှတ်ထားပါသည်။ ၎င်းအပြင် ၂၀၀၄ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာ အတွင်းလှုပ်ခဲ့သည့်ငလျင်နှင့်အတူ ပေါ်ပေါက်ခဲ့သော ဆူနာမီရေလှိုင်းကြီးများဒဏ်မှ ဒီရေတောများကြောင့် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ပျက်စီးဆုံးရှုံးမှု လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

(ဃ) ဒီရေတောများမှာ ပင်လယ်လှိုင်းများနှင့် မုန်တိုင်းများကို အရှိန်လျော့ပါးစေခြင်း။

(င) ပင်လယ်ပျော်သတ္တဝါများ ငါး၊ ပုစွန်၊ ကဏန်း၊ ဂုံး၊မြွေ၊ ငှက်၊ မိကျောင်း စသည့် ရေသတ္တဝါများအတွက် နေထိုင်ရာ၊ မွေးဖွားရာနှင့် စားကျက်များ ရရှိစေခြင်းနှင့် အဆိုပါသတ္တဝါများအတွက် သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးနိုင်ခြင်း။

(စ) ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေသတ္တဝါများအတွက် အစာသိုလှောင်ရန် ဖန်တီးပေးခြင်း၊ လေထု၊ ရေထုညစ်ညမ်းမှု စသည်များကို လျော့ပါးစေနိုင်ခြင်း။

(ဆ) ကုန်းမြင့် တောင်တန်းဒေသများမှ ရေ၊ လေ တိုက်စားမှုကြောင့် မျောပါလာသော နုန်းမြေများကို စုသိမ်းထားနိုင်ခြင်းကြောင့် ပင်လယ်ကမ်းနီးဒေသ သန္တာကျောက်တန်းများအား ပျက်စီးစေမှုကို ကာကွယ်ပေးနိုင်ခြင်း၊ မြစ်၊ချောင်းများအလိုက် စီးဆင်းလာသောရေများ၏ နောက်ကျိမှုကို ကျဆင်းစေနိုင်ခြင်း။

(ဇ) သစ်တောထွက်ပစ္စည်းများဖြစ်သော သစ်၊ တိုင်၊ မျော၊ မီးသွေး၊ ထင်းများ ရရှိခြင်း။

(ဈ) သစ်တောထွက်ပစ္စည်း အသေးအဖွဲဖြစ်သော ဓနိ၊ စလူ၊ သင်ပေါင်း၊ ကြိမ်၊ ဖျာ၊ မြက်၊ ပရဆေး၊ ပျားရည်၊ ဆိုးဆေးများ ရရှိခြင်း။

(ည) ဒီရေတောသစ်မျိုးအချို့၏ သစ်ရွက်အား ကျွဲ၊ နွားအစာအဖြစ်ကျွေးမွေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခြင်း။

(ဋ) မြစ်ကြောင်းနှင့် ပင်လယ်ကမ်းခြေ တည်ငြိမ်မှုကို ဖြစ်စေခြင်း။

(ဌ) ရေတိုက်စား၍ ကမ်းပါးပြိုခြင်းတို့ကို ကာကွယ်ခြင်း။

(ဍ) ဆောင်းခိုငှက်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ ကျက်စားရာ ဒေသဖြစ်ခြင်း။

(ဎ) ဒီရေတောသဘာဝ ဂေဟဆိုင်ရာပညာရပ်များ လေ့လာခြင်းနှင့် သုတေသနပြုနိုင်ခြင်း။

(ဏ) အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့များ၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် တိုက်ခတ်သွားသော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ၎င်းဒေသရှိ ဒီရေတောများ များစွာပျက်စီးခဲ့ရပါသည်။ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရမှ ဦးဆောင်ဦးရွက်ပြုပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ စေတနာရှင်အကူအညီများဖြင့် ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းကာလမှသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက်၊ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေသည်ကို ရုပ်မြင်သံကြားနှင့် ရေဒီယိုသတင်းများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်မျိုးစုံမှ သတင်းများ ရရှိခဲ့သည်ကို စာရေးသူမှ ဝမ်းမြောက် ဝမ်းသာပီတိစိတ်များဖြစ်ပွားခဲ့ရပါသည်။

ထိုသို့အရှိန်အဟုန်မပျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ မိုးရာသီ စပါးစိုက်ပျိုးရေးလုပ်ငန်းများအပေါ် နိုင်ငံတော်/ဌာနဆိုင်ရာအဖွဲ့ အစည်းအသီးသီး၊ လူထု လူတန်းစားမျိုးစုံမှ ကူညီပံ့ပိုးပေးသည့်နည်းတူ ကာလ ၁၀ နှစ်မှ ၁၅ နှစ်အထိ ကြာမြင့်နိုင်သည့် ဒီရေတောပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ဧရာဝတီတိုင်း ဒီရေတောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ပြီး နောင်ယခုကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းများကျရောက်လာပါက "သဘာဝခံစစ်စည်း"များအဖြစ် ပြန်လည်တည်ရှိလာနိုင်သည့်ကုန်းမြေနှင့် ပင်လယ်တို့၏ သဘာဝလက်ဆောင်ပဏ္ဏာတစ်ခုဖြစ်သည့် သဘာဝဒီရေတောများအား အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပြန်လည် စိုက်ပျိုးထူထောင်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၀၈ ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့ယိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

၂၀၀၈ - ၂၀၀၉ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်မှ (၁၅) ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

သံအမတ်ကြီး ဦးသောင်းထွန်း ဥရောပသမဂ္ဂကောင်စီ ယာယီဥက္ကဋ္ဌထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၉

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးသောင်းထွန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပသမဂ္ဂကောင်စီ ယာယီဥက္ကဋ္ဌ မစ္စတာယွန်ပြဲရှိုယေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးသောင်းထွန်း ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၉

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးသောင်းထွန်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုစေးမန်နူရယ်ဘရိုစိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	"မသေခင်ကြိုတင်တရားရှာကြပါ"တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၀ - ၂:၀၀	ရည်စူးဖူးမြော် ကမ္ဘာ့ဝိပဿနာစေတီတော်
၈:၃၅ - ၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀ - ၃:၀၀	အရှဏ်ဦး၏ အလှများ
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	Beijing Olympic 2008
၉:၅၀ - ၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅ - ၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀ - ၄:၀၀	"သူတော်ကောင်းကြီးများ၏ ဝိပဿနာကျင့်စဉ်တရားတော်" (ဒေါက်တာချစ်ငယ်(ဒဿန) Ph.D
၁၀:၁၅ - ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ - ၄:၂၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ငါးမြင်းနှင့် ရုံးပတီသီး)
၁၀:၄၅ - ၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀ - ၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ - ၅:၀၀	Shopping Guide (Chinatown Point Center)
၁၁:၂၀ - ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ - ၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ - ၅:၃၀	များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့
၁၁:၅၀ - ၅:၅၀	နိုင်ငံတကာအနုပညာရေးရာ
၁၂:၁၀ - ၆:၁၀	တီဘီကင်းစင်ကမ္ဘာတစ်ခွင် လူတိုင်းတာဝန်ပင် (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ ဝင်းမောင်)
၁၂:၄၀ - ၆:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅ - ၆:၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃:၃၀	**Beijing Olympic 2008** အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4(Live)

ကမ်မူရီမုန်တိုင်း ဗီယက်နမ်ကမ်းခြေကိုဖြတ်ကျော်၊ အားလျော့

ရန်ကုန် ဩဂုတ် ၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရေးမြို့တွင် ၁၂ဒသမ၀၅လက်မ၊ သံတွဲမြို့တွင် ၉ဒသမ၄၁လက်မ၊ ကော့ကရိတ်မြို့တွင်၈ဒသမ၉၄လက်မ၊ ဘားအံမြို့တွင် ၈ဒသမ၅၁လက်မ၊ လောင်းလုံးမြို့တွင် ၄ဒသမ၀၆လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၄ဒသမ၀၁လက်မ၊ ရွှေကျင်မြို့တွင် ၃ဒသမ၉၄လက်မ၊ သထုံမြို့တွင်၃ဒသမ၇၀လက်မ၊ ထားဝယ်မြို့တွင် ၃ဒသမ ၅၀ လက်မ၊ ဖောင်းတူမြို့တွင် ၃ဒသမ ၂၇လက်မနှင့် ဂွမြို့တွင် ၃ဒသမ ၁၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ထူးခြားသည့် အခြေအနေ။ ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က (တုံကင်ပင်လယ်ကွေ့) တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ကမ်မူရီ" သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့ကာ ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့၏ အနောက်ဘက် မိုင် ၄၀အကွာတွင် ဆက်လက်တည်ရှိနေသည်။

ဩဂုတ် ၉ ရက် ညနေအထိ ခန့်မှန်းချက် စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကျဲကျဲ၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြားနှင့် နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ၃ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်)	၇-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)	၈-၈-၂၀၀၈
၀၉:၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း	၈-၈-၂၀၀၈
နေပူသည့်နာရီပေါင်း မရှိပါ	၇-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၈-၈-၂၀၀၈	၁၇မမ (၀ဒသမ၆၈လက်မ)	၁၈မမ (၀ဒသမ၇၁လက်မ)	၁၈မမ (၀ဒသမ၇၁လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၇၂၂ မမ (၆၇ဒသမ၈၀လက်မ)	၁၉၄၆မမ (၇၆ဒသမ ၆၁လက်မ)	၂၃၄၉ မမ (၉၂ဒသမ ၄၈လက်မ)

ရန်ကုန် (ကမ္ဘာအေး) ၏ အများဆုံးလေတိုက်နှုန်းမှာ ၇-၈-၂၀၀၈ ရက် ၁၂:၄၅ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၈ မိုင်နှုန်း တိုက်ခတ်သည်။

✳ ရှေ့ဖုံးမှ

အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စာရေးကိရိယာများ၊ ကျန်းမာရေးအထောက်အကူ ပစ္စည်းများနှင့် အားကစားပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ဆေးရုံအတွင်းရှိ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဝန်ထမ်းများအတွက် ဝတ်စုံစရိတ်ငွေကျပ် ငါးသိန်းကို သူနာပြုဆရာမကြီးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက အောက်ဆီဂျင်ပေးစက်အတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ဆွေက လက်ခံရယူသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ကလေး-တမူးလမ်း ညောင်ပင်သာအုပ်စု ကွင်းအမှတ်(၈၄၃) ဖောင်ဆိပ်၌ ကျင်းပသည့် မိုးစပါး ၂၀ ဒသမ ၁၂ ဧက စုပေါင်း ထွန်ယက်စိုက်ပျိုးပွဲသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးခင်မောင်ညွန့်နှင့် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်မြင့်တို့က ရေတော်မိုးတော် စိုက်ဧကများတိုးချဲ့၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နေမှုနှင့် စပါးတင်းသိန်း ၁၀၀၀ ရရှိရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကျော်ရီက ဓာတ်မြေဩဇာသုံးစွဲရာတွင် လိုက်နာရမည့် အချက်များနှင့် အကျိုးကျေးဇူးများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် ဖောင်းကူးတံတားသစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၁)မှ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်မွန်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တင့်တို့က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊တိုင်းမှူးနှင့်အဖွဲ့သည် ကလေးမြို့နယ် ကျီကုန်းကျေးရွာ ရာဇဂီရိကုန်းတော် သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပသည့် မဟာသာကပဋ္ဌိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော် ဂန္ဓကုဋိတိုက်နှင့် သာသနိက အဆောက်အုံများ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း သံဃနာယက(ရွှေကျင်) မဟာသန္တာရုံစာသင်တိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပုညသေဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး ကလေးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းကြီးတိုက်ကျေးရွာ မဟာသန္တိသုခကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြရာ ပရိသတ်တို့က နာယူကြပြီး ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ဆရာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း သံဃနာယက(ရွှေကျင်)အဖွဲ့ဝင် မဟာသန္တာရုံ စာသင်တိုက် ဆရာတော်က ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်အုန်းမြင့်နှင့် ပရိသတ်တို့က နာယူကြည်ညိုကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ရာဇဂီရိကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာသာကပဋ္ဌိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ ဂေါပကအဖွဲ့ဝင်များထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့သည် ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ကံသာယာ ဗုဒ္ဓသာသနာပြုကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးသည် ဗုဒ္ဓမြတ်စွယ်တော် ကြည်ညိုသပ္ပာယ်စွာ ကိန်းဝပ်စံပယ်နိုင်ရန်နှင့် ပူဇော်နိုင်ရန်အတွက် ဆောက်လုပ်လျက်ရှိသော ဂန္ဓကုဋိတိုက်အနီး သတ်မှတ်နေရာ၌ မဟာဗောဓိပင်များကို ရေစင်သွန်းလောင်း စိုက်ပျိုးပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က မြတ်စွယ်တော် ဂန္ဓကုဋိတိုက် ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး နေရဋ္ဌရာချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရာဇဂြိုဟ်ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဗစ်တာက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်းသွားရောက်၍ နေရဋ္ဌရာချောင်းတွင် တမံဖို့ရန် ပြင်ဆင်ထားမှု၊ ရေပိုလွှဲဆောင်ရွက်နေမှုနှင့် ပင်မတမံဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်အုန်းမြင့်က တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တမူးခရိုင် ခမ်းပါတ်မြို့သို့ ရောက်ရှိကြပြီး ခမ်းပါတ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။ ရှေးဦးစွာ ခမ်းပါတ်မြို့ အုပ်ချုပ်ရေးမှူး ဦးရှိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ခမ်းပါတ်မြို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့အား အလှူငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ စောင်များ၊ ဖယောင်းတိုင်များနှင့် စာရေးကိရိယာများ၊ အားကစားပစ္စည်းများအား ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံကြသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်က ဒေသဝမ်းစာ ဖူလုံရေးအတွက် မြေလွတ်မြေလပ်များ တိုးချဲ့ဖော်ထုတ်ကာ အထွက်နှုန်းကောင်း စပါးမျိုးများဖြင့် စိုက်ပျိုးသွားရေး၊ ခြံစည်းရိုးကြက်ဆူပင်များအား သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခမ်းပါတ်တိုက်နယ် ဆေးရုံသို့ ရောက်ရှိကြပြီး အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာဆောင်တို့နှင့် ကူးစက်ရောဂါကုသဆောင် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများပေးအပ်၍ အားပေးစကား ပြောကြားပြီး ဗိုလ်ချုပ်အုန်းမြင့်က ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများအား ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒိန်းလျံနာက လက်ခံသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တမူးမြို့နယ်ရှိ နန်းဦးမိသားစု ရော်ဘာဧက ၁၀၀ စိုက်ခင်းသို့ရောက်ရှိကြပြီး ရော်ဘာပင်များနှင့် ကြားသီးနှံများ သီးညှပ်စိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် နန်းဦးမိသားစု ရော်ဘာစိုက်ခင်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရော်ဘာစိုက်ပျိုးထားမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ ညနေ ၅ နာရီခွဲတွင် တမူးမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

Epson ၏ ထုတ်ကုန်သစ် ပရင်တာများ မိတ်ဆက်ပြသသည့် အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၈

ဒစ်ဂျစ်တယ်ပုံရိပ်အတွက် ပရင်တာ၊ စကင်နာ အစရှိသည့် ကွန်ပျူတာသုံးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရေးတွင် ကမ္ဘာ့ဈေးကွက်ဝေစု အများဆုံးရရှိထားသော EPSON ကုမ္ပဏီ၏ ထုတ်ကုန်သစ်များ မြန်မာနိုင်ငံအတွက် မိတ်ဆက်သည့် အခမ်းအနားကို ဩဂုတ် ၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကွန်ပျူတာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ EPSON (Singapore) နှင့် Client Focus ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Client Focus Marketing Pte, Ltd (Singapore) မှ Managing Director, Mr. Francis Au Seng Huat နှင့် Epson (Singapore) Pte.Ltd မှ Senior Manager, Mr. Shuji Hamaguchi (International Sales Division) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် EPSON ၏ မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Client Focus ကုမ္ပဏီမှ Director ဦးအောင်ကျော်မိုးက မြန်မာနိုင်ငံဈေးကွက်သို့ ယနေ့မှစတင်၍ ဖြန့်ချိသည့် EPSON Product လေးမျိုးနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများ၏ ထုတ်ကုန်သစ်များနှင့် ပတ်သက်၍ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

အဆင်ပြေစေနိုင်

ထုတ်ကုန်သစ် လေးမျိုးအနက် Epson Stylus T11 model သည် အိမ်သုံး၊ ကျောင်းသားသုံးနှင့် ပရင်တာကို ယခုမှစတင်ဝယ်ယူ အသုံးပြုသူများအတွက် ရည်ရွယ်ထုတ်လုပ်ရောင်းချခြင်း ဖြစ်သည်။ ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့် ပုံနှိပ်ပေးနိုင်သည်။ အရွယ်အစားသေးငယ်ပြီး တစ်ကိုယ်ရေသုံးအတွက် အဆင်ပြေစေနိုင်သည်။

ထို့ပြင် အိမ်သုံးနှင့် ကုမ္ပဏီများအတွက်လည်း ပရင်တာသာမက ကော်ပီယာ၊ စကင်နာပါ တစ်ပါတည်း တွဲပါသော Epson Stylus TX200 နှင့် Epson Stylus TX400 model နှစ်မျိုးကိုလည်း မိတ်ဆက်တင်ပြထားသည်။ TX200 နှင့် TX400 model နှစ်မျိုးစလုံးသည် နေရာကျဉ်းကျဉ်းနှင့် အလုပ်လုပ်နေသော ကုမ္ပဏီများ၊ လုပ်ငန်းငယ်များအတွက် စွမ်းဆောင်ရည်အပြည့်လုပ်ဆောင်ပေးနိုင်ပြီး နေရာကို ချွေတာစေနိုင်သည်။ မိတ္တူကူးရာတွင် တစ်မိနစ်လျှင် စာမျက်နှာ ၃၀ အထိ ကူးယူပေးနိုင်သည်။ TX400 တွင် သီးခြား LCD Screen ပါဝင်သဖြင့် ကွန်ပျူတာမလိုဘဲ မင်မိုရီကတ်မှတစ်ဆင့် တိုက်ရိုက်ပရင်တာထုတ်နိုင်သည်။ တိုက်ရိုက်စကင်နာကူးနိုင်သည်။

ယခု မိတ်ဆက် တင်ပြသော EPSON ပရင်တာ အားလုံးသည် EPSON Dura Brite Ultra နည်းပညာကို အသုံးပြုထားသောကြောင့် မင်အရောင် မှိန်သွားခြင်း၊ မင်စွန်းခြင်းများ မဖြစ်ပေါ်စေသည့်အပြင် နှစ်ပေါင်း ၁၂၀ ကြာသည့်တိုင် အရောင်မှိန်ခြင်း၊ ပြယ်ခြင်းများ မဖြစ်နိုင်ကြောင်း၊ ထို့ပြင် ပုံရိပ်အရည်အသွေးကိုလည်း 5760 Dpi အထိ တင်၍ရသဖြင့် ပုံနှိပ်ရာတွင် စာလုံးများ ပြတ်သားပြီး ဓာတ်ပုံအရည်အသွေးလည်း ကောင်းမွန်ကြောင်း သိရသည်။

လုပ်ငန်းကြီးများ၊ စီးပွားရေးလုပ်ငန်းသုံးအတွက်လည်း EPSON GT-1500 အမည်ရှိ စကင်နာကိုလည်း တစ်ပါတည်း မိတ်ဆက်တင်ပြထားသည်။ ၎င်းသည် အဖွဲ့အစည်းတိုင်းအတွက်၊ ဒစ်ဂျစ်တယ် စာရွက်စာတမ်းများ ထိန်းသိမ်းရေးအတွက် ရည်ရွယ်ထုတ်လုပ်ထားသည်။ A4 အရွယ်ရှိ မည်သည့်စာရွက်စာတမ်းမျိုးကိုမဆို လူက တစ်ရွက်ချင်း ထည့်ပေးစရာမလိုဘဲ စာမျက်နှာ ၄၀ အထိ အလိုအလျောက် ဆက်တိုက် စကင်ဖတ်နိုင်သည်။

EPSON Product အားလုံးကို ရန်ကုန်မြို့ အမှတ် SB(4) အောင်ဇေယျအိမ်ရာ ကမ်းနားလမ်း အလုံမြို့နယ်ရှိ Client Focus Technology Group ဖုန်း-၂၁၅၂၄၇၊ အမှတ် (၁၃၀) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်ရှိ အရောင်းပြခန်း ဖုန်း- ၂၄၉၃၄၄၊ ၃၇၄၁၁၀ နှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ကွန်ပျူတာ အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နှုတ်ခွန်းဆက်စကား ပြောကြား

Epson ၏ ထုတ်ကုန်သစ် ပရင်တာများ မိတ်ဆက်ပြသည့် အခမ်းအနား၌ Client Focus Marketing Pte. Ltd (Singapore)မှ Managing Director Mr. Francis Au Seng Huat ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၈

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူMr. Tomas Ojea Quintana နှင့်အဖွဲ့သည် ဩဂုတ် ၃ရက်ညပိုင်းတွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူMr. Tomas Ojea Quintana သည် ဩဂုတ် ၄ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်အစည်း အဝေးခန်းမ၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အချိန်ပြည့် အမှုဆောင် အဖွဲ့ဝင်များအား လည်းကောင်း၊ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါက်တာ ဒေါ်မြင့်ကြည်နှင့်တွဲဖက်အထွေထွေ အတွင်းရေးမှူးများ၊ အတွင်းရေးမှူး အဖွဲ့ဝင်များအား လည်းကောင်း သွားရောက်တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမစျေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩသဓာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအား Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် နံနက် ၉နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယ မင်္ဂလာမြေ့သဘင်သို့ သွားရောက်တွေ့ဆုံကြည်ညို၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်အား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သာသနာရေးဝန်ကြီး ဌာနရုံးခွဲ ဧည့်ခန်းမ၌ လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနရုံးခွဲ အစည်းအဝေးခန်းမ၌ သာသနာရေးဆိုင်ရာ လေးဘာသာ အကျိုးဆောင်အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် Mr. Tomas Ojea Quintana သည် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရတနာသိဒ္ဓိ ဂေါက်ကလပ် ဧည့်ခန်းမ၌ လည်းကောင်း၊ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ ချတ်ထရီယံ ဟိုတယ်(ပဲခူးခန်းမ)၌ လည်းကောင်း သွားရောက်တွေ့ဆုံသည်။

ထိုမှတစ်ဆင့်မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် အဖွဲ့သည် ညနေ ၆နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်သို့ သွားရောက်သည်။

ယင်းနောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၅ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ လပွတ္တာမြို့သို့ လည်းကောင်း၊ ဟိုင်းကြီးကျွန်းမြို့နယ် ကျောက်ကလပ်ကျေးရွာသို့လည်းကောင်း၊ ခုံကြီးရွာသစ်သို့ လည်းကောင်း၊ လပွတ္တာမြို့နယ် ပြင်စလူကျေးရွာသို့ လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရာကျေးရွာသို့ လည်းကောင်း သွားရောက်၍ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် အင်းစိန်မြို့နယ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ဗဟိုအကျဉ်းထောင်(အင်းစိန်)သို့ သွားရောက်၍ အင်းစိန်အကျဉ်းထောင်အတွင်းရှိ ဆေးရုံနှင့်ဆောက်လုပ်ဆဲခုတင် (၅၀)ဆံ့ အဆုတ်ရောဂါကုသဆောင်ကို လည်းကောင်း၊ လူငယ်ဆောင်၌ အကျဉ်းသားများအား စာပေပညာသင်ကြားပေးနေမှုကိုလည်းကောင်း ကြည့်ရှုလေ့လာပြီး အကျဉ်းထောင် ဧည့်ခန်းမ၌ အကျဉ်းသားများနှင့် တွေ့ဆုံသည်။

ထို့နောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် မြရိပ်ညိုရှိုင်ရယ်ဟိုတယ် ဘုရင့်နောင်ခန်းမ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် လည်းကောင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးကြသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana သည် ဩဂုတ် ၆ရက် မွန်းလွဲပိုင်းတွင် နိုင်ငံရေးပါတီများ၊ နိုင်ငံရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ် ဘုရင့်နောင်ခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ Mr. Tomas Ojea Quintana သည် မွန်းလွဲ ၁နာရီ ၃၅မိနစ်တွင် ဘုရင့်နောင်ခန်းမ၌ အဖွဲ့အားလုံးနှင့် စုပေါင်းတွေ့ဆုံ၍ ပဏာမမိတ်ဆက်စကားပြောကြားပြီး မွန်းလွဲ ၁နာရီ ၅၅မိနစ်မှ ညနေ ၃နာရီ ၄၅မိနစ်အထိ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ တစ်သီးပုဂ္ဂလအဖွဲ့၊ ဝံသာနု NLD၊ ၈၈-မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒ လေ့လာရေး ကျောင်းတော်သားစု၊ နိုင်ငံရေးဘောဂဗေဒ လေ့လာရေး (မျိုးဆက်သစ်) ကျောင်းတော်သားစုနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံရေး အင်အားစုတို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံသည်။

ယင်းနောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ညနေ ၆နာရီ၄၅မိနစ်တွင် နေပြည်တော်သို့ရောက်ရှိလာရာ ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ညပိုင်းတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအားလည်းကောင်း၊ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီအားလည်းကောင်း သွားရောက်တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူးအမှတ်(၁) လှျပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်အား လည်းကောင်း၊ ရှေ့နေချုပ်ရုံး၌ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့်ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်တို့အားလည်းကောင်း သွားရောက်တွေ့ဆုံသည်။

ယင်းနောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် နေပြည်တော်ရုံး အမှတ်(၂၂)ရှိ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအေးမောင်နှင့် ဒေါက်တာထွန်းရှင်တို့အား သွားရောက်တွေ့ဆုံသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး(၁)ဒေါက်တာ ဒေါ်မေမာလာ၊ တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာ ဒေါ်သိန်းသိန်းငွေ၊ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းဝင်းနှင့် စီမံချက်အရာရှိ ဒေါက်တာ ဦးသန်းဦးတို့အား Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းဝေးခန်းမသို့ သွားရောက်တွေ့ဆုံသည်။

ယင်းနောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းဝေးခန်းမ၌ ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင် ဦးဆောင်သော မြန်မာနိုင်ငံ လူ့အခွင့်အရေး အဖွဲ့နှင့် တွေ့ဆုံပြီး ခရီးစဉ်နှင့် ပတ်သက်၍တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် Mr. Tomas Ojea Quintana သည် ည ၇နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပရာ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင်နိုင်ငံခြားသတင်းထောက်များ တက်ရောက်သည်။

ထို့နောက် Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ညပိုင်းတွင် လေကြောင်း ခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ သွားသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintanaနှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမြို့နယ် ခုံကြီးရွာသစ်တွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၈

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ အစည်းအဝေးကို ဩဂုတ်၄ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ရုံးချုပ်) အဆောက်အအုံသစ်၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အတွင်းရေးမှူး ဦးစောငွေက ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ ခြောက်လပတ်လုပ်ငန်း အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးဘိုကြီးက ဘဏ္ဍာရေး အစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ် ဦးတင်ထွဋ်ကစာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြား တင်ပြကြရာ ဗဟိုကော်မတီဝင်များက တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို အတည်ပြု၍ သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျုံပျော်မြို့နယ် အထောင်တိုက်နယ် သပြေငူကျေးရွာ မူလတန်းကျောင်း ပြုပြင်တိုးချဲ့တည်ဆောက်ရန်အတွက် ဩဂုတ် ၃ရက်က နှစ်ဖက်မိဘများဖြစ်သည့် ဦးပျော့-ဒေါ်မယ်ချစ်၊ ဦးဘရှိန်(ခရိုင်ရာဇဝတ်ဝန်-ငြိမ်း)-ဒေါ်မြတ်ကြည်တို့ကို အမှူးထား၍ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း မြို့မတည်းခိုခန်းပိုင်ရှင် ဦးသိန်းထွန်း-ဒေါ်အေးအေးမြင့်(ခ)ဒေါ်စိန်စိန် မိသားစုက အလှူငွေကျပ် ၂၁သိန်းကို စမ်းချောင်း အရှေ့ကုန်းလမ်းနေအိမ်တွင် ပေးအပ်လှူဒါန်းရာ သပြေငူကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်၊ ဆရာဦးကျော်ရှိန်နှင့် ဦးခင်စိုးတို့က လက်ခံရယူစဉ်။ (၃၂)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၀၈ (စနေနေ့)

(၁၃၇၀ပြည့်နှစ်၊ ဝါခေါင်လဆန်း (၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၈း၀၀ ၅။ အကပြိုင်ပွဲ
- ၈း၁၀ ၆။ သံသာချိုအေး မင်္ဂလာတေး
- ၈း၂၀ ၇။ အတီးပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၀ ၉။ Islands of Dhamma.
- ၈း၄၅ ၁၀။ ဘဒ္ဒန္တဇောတိပါလ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော် ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင်သီရိမင်္ဂလာကြခတ်ထိုင်းကျောင်းတိုက်ပဲခူးမြို့၊ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၅။ Fragrant Rice
- ၁၂း၅၅ ၆။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ (Telematch)
- ၁း၅၀ ၇။ တေးဂီတအစီအစဉ်
- ၂း၀၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၂၀ ၉။ အဆိုပြိုင်ပွဲ
- ၂း၂၅ ၁၀။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၂း၃၅ ၁၁။ "ကျွမ်းတိုင်းမကြမ်းနဲ့"(လျှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော်)
- ၂း၄၅ ၁၂။ International News.
- ၂း၅၅ ၁၃။ မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံများ
- ၃း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၁ သန်လျင်) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၅၀ ၅။ အဆိုပြိုင်ပွဲ
- ၅း၀၀ ၆။ တေးဂီတအစီအစဉ်
- ၅း၁၅ ၇။ မြန်မာ့ဓလေ့ရိုးရာ လက်ဝှေ့
- ၅း၃၀ ၈။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၅၀ ၁၂။ "မြတ်သောဒါနဇီဝိတ" (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး) (ရန်ကုန်မြို့)
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေမင်းသားလေးချစ်ပုံပြင်" (အပိုင်း-၂၀)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၁)**
- ၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၉။ အစီအစဉ်ပြီး၏။

ကျောက်ဆည်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင်

အေးမြကြည်လင်ဈေး ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းအိတ်ချိန်းဖွင့်

ရန်ကုန် ဩဂုတ် ၈

ကျောက်ဆည်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေး ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းအိတ်ချိန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက်က ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးအေးထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ(ဒုတိယ ညွှန်ကြားရေးမှူး)ဦးမျိုးသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ FISCA Enterprises မှ Chairman ဦးစိုးမြင့်ထွန်း၊ MD ဦးဇော်ဝိတ်၊ ED ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ အေးမြကြည်လင်ဈေး ဖုန်းကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ၊ ရောမောင် ဆင်အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် FISCA Enterprises အထက်မြန်မာပြည် တာဝန်ခံ ဦးကျော်မြင့်နိုင်က ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းအိတ်ချိန်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပုံ အသေးစိတ်ကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် FISCA Singapore Chairman Dr.Foo တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အေးမြကြည်လင်ဈေး အိတ်ချိန်းစက်မှာ သွင်းကုန်အစားထိုး ပြည်တွင်းထုတ် KY-120DX အမျိုးအစားဖြစ်ပြီး CO(16) လိုင်းနှင့် လိုင်းခွဲ ၂၀၀ အထိ အသုံးပြုနိုင်၍ ပြည်တွင်း၊ ပြည်ပ လွယ်ကူချောမွေ့စွာ ဆက်သွယ်နိုင်သဖြင့် ဈေးသူ ဈေးသားများမှာ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၅)ရပ်ကွက် အမှတ် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်း၌ ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ(မိဂလုံ) ဆရာတော်မှ ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ဩဂုတ် ၁၆ ရက်မှ ၂၃ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများအား အခမဲ့ အာဟာရဒါန ကျွေးမွေးကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ လှူဒါန်းနိုင်ပြီး တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းလျက် ဩဂုတ် ၁၅ ရက်နေ့ ညနေအရောက် ကြွရောက်ပါရန် သတင်းရရှိသည်။ (ကြေးမုံ)

ခင်ပွန်းဖြစ်သူ ပါမောက္ခ ဒေါက်တာရဲနိုင် မျက်စိအထူးကုပါရဂူ (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) စာပေဗိမာန်စာမူဆု ပထမ၊ အမျိုးသားစာပေဆု ပထမဆုရ စာရေးဆရာကြီး ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အားရည်စူး၍ ဇနီး ဒေါ်ခင်လေးရီဝင်းက ရွှေတိဂုံစေတီတော်ကြီး၏ လေဘေးမုန်တိုင်းကြောင့် ပျက်စီးသွားသော ထီးတော်များ ပြန်လည်မွမ်းမံရန်အတွက် ဩဂုတ် ၇ ရက်က ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဗိုလ်မှူးကြီးတင်သိန်းလွင်(ငြိမ်း) လက်ခံရယူစဉ်။
(သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၈

သံလွင်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၀၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၉ စင်တီမီတာ (၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၀၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ (၁ဒသမ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၂၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၆ စင်တီမီတာ (၀ဒသမ၈ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၈

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၂၁) ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁၆-၈-၂၀၀၈ရက် (ဝါခေါင်လပြည့်)မှ ၂၄-၈-၂၀၀၈ ရက် (ဝါခေါင်လဆုတ် ၈ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✻ ကျောဖုံးမှ

စိုလွင်တောက်ပသည့် အရောင်အသွေးများနှင့် တရုတ်ယဉ်ကျေးမှုကို ပီပြင်စွာ တင်ပြနိုင်မှုတို့ကြောင့် ကမ္ဘာတွင် ထင်ရှားသည်။

ပေကျင်း အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို မူလက အမေရိကန် ရုပ်ရှင်ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ဂ်က အနုပညာအကြံပေးအဖြစ် ဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းနုတ်ထွက်သွားခဲ့သည်။ အခမ်းအနားကျင်းပရာတွင် ဟောလိဝုဒ်၏ အရှိန်အဝါ မပါသော်လည်း တရုတ်ရိုးရာယဉ်ကျေးမှုကို ပိုမိုပီပြင်စွာ ပြသနိုင်ခဲ့ကြောင်း ရိုက်တာသတင်းထောက်တစ်ဦးက မှတ်ချက်ပေးသည်။

စုစုပေါင်း မိနစ် ၁၁၀ စာမျှရှိသော ဖွင့်ပွဲအခမ်းအနား သီချင်းနှင့် တေးဂီတများကို တေးရေးဆရာ ၁၈ ဦးတို့က ရေးဖွဲ့ပေးခဲ့သည်။ မီးအလှဆင် ထွန်းညှိနိုင်ရန်အတွက် လျှပ်စစ်ပစ္စည်း တန် ၃၀၀ ကျော် သုံးစွဲခဲ့ရပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၆၄၄၀ သုံးစွဲခဲ့ရသည်။

အခမ်းအနားတွင် အလှပြကွက်များအတွက် ပွဲဝင်အဝတ်အစား ပုံစံ ၄၇ မျိုးနှင့် ဝတ်စုံရေအားဖြင့် ၁၅၁၅၃ စုံ သုံးစွဲခဲ့ရကြောင်း၊ အချို့ပြကွက်များ အတွက် ၁၃ လခန့်ကြာအောင် ဇာတ်တိုက်လေ့ကျင့် ခဲ့ရကြောင်း သိရသည်။ ***ဆင်ဟွာ***



ဩဂုတ် ၈ ရက်ညက ကျင်းပသည့် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် "လှပသော အိုလံပစ်"ဟု အမည်ပေးထားသည့် ပြကွက်ကို တင်ဆက်ဖျော်ဖြေနေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ပေကျင်း အိုလံပစ်အားကစားပွဲတော် သမ္မတဟူကျင်တောင် ဖွင့်ပေး

ပေကျင်း ဩဂုတ် ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော် မြောက်ပိုင်း၌ရှိသော အမျိုးသားအားကစားကွင်းတွင် သောကြာနေ့ ညဥ့် ကျင်းပသော (၂၉)ကြိမ်မြောက် ပေကျင်းနွေရာသီအိုလံပစ် အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ သမ္မတဟူကျင်တောင် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အရောင်အသွေး အလှအပ စုံလင်စွာသော မီးရှူး မီးပန်းများသည် မြို့တော်ကောင်းကင်တွင် တန်ဆာဆင်လိုက်သောအခါ အားကစားကွင်းအပြည့် ပရိသတ်ကြီးက တစ်ခဲနက် ကောင်းချီးဩဘာ ပေးကြသည်။

တရုတ်နိုင်ငံ၏ နှစ် ၅၀၀၀ ကြာမြင့်ခဲ့ပြီဖြစ်သော ယဉ်ကျေးမှုနှင့် ခေတ်သစ်အောင်မြင်မှုများကို ရောင်ပြန်ဟပ်သည့် အက အလှတို့ဖြင့် တစ်နာရီနီးပါးကြာ တင်ဆက်ခဲ့သည်။

ထို့နောက် ကမ္ဘာ့နိုင်ငံပေါင်း ၂၀၄ နိုင်ငံမှ အားကစားသမားပေါင်း ၁၀၀၀၀ ကျော်တို့ ချီတက်ကြသည်မှာ နှစ်နာရီခွဲမျှ ကြာသည်။

ဖွင့်ပွဲအခမ်းအနားတွင် (၂၉)ကြိမ်မြောက် အိုလံပစ်အားကစားပွဲတော် ပေကျင်း စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌနှင့် နိုင်ငံတကာ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌတို့လည်း တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အင်တာနက်

ပေကျင်းအိုလံပစ် ဘောလုံးပြိုင်ပွဲများ ကျင်းပ

ပေကျင်း ဩဂုတ် ၈

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဘောလုံးပြိုင်ပွဲများကို ယမန်နေ့က ကျင်းပခဲ့ရာ အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်-

အမျိုးသားပြိုင်ပွဲ

အုပ်စု(က)

ဆာဘီးယား-ဩစတြေးလျ (၁း၁)
အာဂျင်တီးနား-အိုင်ဗရီကို့စ် (၂း၁)

အုပ်စု(ခ)

အမေရိကန်-ဂျပန် (၁း၀)
ဟော်လန်-နိုင်ဂျီးရီးယား (၀း၀)

အုပ်စု (ဂ)

ဘရာဇီး-ဘယ်လ်ဂျီယံ (၁း၀)
တရုတ်-နယူးဇီလန် (၁း၁)

အုပ်စု (ဃ)

အီတလီ-ဟွန်ဒူးရပ်စ် (၃း၀)
တောင်ကိုရီးယား-ကင်မရွန်း (၁း၁)

အမျိုးသမီးပြိုင်ပွဲ

နော်ဝေ-အမေရိကန် (၂း၀)
မြောက်ကိုရီးယား-နိုင်ဂျီးရီးယား (၁း၀)
တရုတ်-ဆွီဒင် (၂း၁)
ကနေဒါ-အာဂျင်တီးနား (၂း၁)
ဘရာဇီး-ဂျာမနီ (၁း၀)
ဂျပန်-နယူးဇီလန် (၂း၂)

အင်တာနက်

ပေကျင်း အိုလံပစ် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ

ဩဂုတ် ၇	အီတလီ - ဟွန်ဒူးရပ်စ်	အုပ်စု(ဃ)	
ဩဂုတ် ၇	ဘရာဇီး - ဘယ်လ်ဂျီယံ	အုပ်စု(ဂ)	
ဩဂုတ် ၇	ဂျပန် - အမေရိကန်	အုပ်စု(ခ)	
ဩဂုတ် ၇	ဆာဘီးယား-ဩစတြေးလျ	အုပ်စု(က)	
ဩဂုတ် ၇	အာဂျင်တီးနား-အိုင်ဗရီကို့စ်	အုပ်စု(က)	
ဩဂုတ် ၇	ဟော်လန်-နိုင်ဂျီးရီးယား	အုပ်စု(ခ)	
ဩဂုတ် ၇	တရုတ် - နယူးဇီလန်	အုပ်စု(ဂ)	
ဩဂုတ် ၇	တောင်ကိုရီးယား-ကင်မရွန်း	အုပ်စု(ဃ)	
ဩဂုတ် ၁၀	အာဂျင်တီးနား-ဩစတြေးလျ	အုပ်စု(က)	
ဩဂုတ် ၁၀	ဘရာဇီး - နယူးဇီလန်	အုပ်စု(ဂ)	
ဩဂုတ် ၁၀	ဂျပန် - နိုင်ဂျီးရီးယား	အုပ်စု(ခ)	
ဩဂုတ် ၁၀	ကင်မရွန်း - ဟွန်ဒူးရပ်စ်	အုပ်စု(ဃ)	
ဩဂုတ် ၁၀	အီတလီ-တောင်ကိုရီးယား	အုပ်စု(ဃ)	
ဩဂုတ် ၁၀	တရုတ် - ဘယ်လ်ဂျီယံ	အုပ်စု(ဂ)	
ဩဂုတ် ၁၀	ဟော်လန် - အမေရိကန်	အုပ်စု(ခ)	
ဩဂုတ် ၁၀	ဆာဗီးယား - အိုင်ဗရီကို့စ်	အုပ်စု(က)	
ဩဂုတ် ၁၃	ဟော်လန် - ဂျပန်	အုပ်စု(ခ)	
ဩဂုတ် ၁၃	နိုင်ဂျီးရီးယား - အမေရိကန်	အုပ်စု(ခ)	
ဩဂုတ် ၁၃	တောင်ကိုရီးယား-ဟွန်ဒူးရပ်စ်	အုပ်စု(ဃ)	
ဩဂုတ် ၁၃	အီတလီ-ကင်မရွန်း	အုပ်စု(ဃ)	
ဩဂုတ် ၁၃	ဘယ်လ်ဂျီယံ-နယူးဇီလန်	အုပ်စု(ဂ)	
ဩဂုတ် ၁၃	အိုင်ဗရီကို့စ်-ဩစတြေးလျ	အုပ်စု(က)	
ဩဂုတ် ၁၃	တရုတ် - ဘရာဇီး	အုပ်စု(ဂ)	
ဩဂုတ် ၁၃	အာဂျင်တီးနား-ဆာဘီးယား	အုပ်စု(က)	

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သမ္မတဘုရှ်၏ တောင်ကိုရီးယားခရီးစဉ် ကန့်ကွက်ဆန္ဒပြသူများအား ရဲက ရေပိုက်ဖြင့်ပက်၍နှိမ်နင်း

ဆိုးလ် ဩဂုတ် ၇

အမေရိကန်သမ္မတ ဂျော့ရှ်ဘုရှ်သည် အာရှသုံးနိုင်ငံ အလည်အပတ်ခရီးစဉ်အဖြစ် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ရာ ထောင်ချီရှိသည့် ပြည်သူများ ဆန္ဒပြခဲ့ကြသဖြင့် ရဲတပ်ဖွဲ့က ရေပိုက်များ အသုံးပြု၍ လူစုခွဲရကြောင်း အင်္ဂါနေ့ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမ္မတဘုရှ် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း တရားဥပဒေစိုးမိုးမှုရှိရေးအတွက် ရဲတပ်ဖွဲ့ဝင် ၁၈၃၀၀ ခန့်သည် အဓိကရုဏ်းနှိမ်နင်းရေးပစ္စည်းများနှင့် ဗုံးအန္တရာယ်ရှာဖွေသည့် ခွေးများအားအသုံးချကာ သတိဝိရိယဖြင့် တပ်လှန့်ထားလျက်ရှိသည်။

ဘုရှ်ဆန့်ကျင်သူ ၂၀၀၀၀ခန့်က ဆိုးလ်တွင် စုရုံးဆန္ဒပြကြသည်။ ၎င်းတို့က မြို့လယ်ရင်ပြင်တစ်ခုသို့ ချီတက်ရန်ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့က ရေပိုက်များဖြင့်ပက်၍ လူစုခွဲခြင်းဖြစ်သည်။

သမ္မတဘုရှ်ရောက်ရှိလာသည့် လေဆိပ်အနီးတွင် ဆန္ဒပြရန်ကြိုးပမ်းသူ ၁၂ ဦး တို့ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေနံဈေးနှုန်း သုံးလအတွင်း ၁၁၈ ဒေါ်လာသို့ ကျဆင်း

လန်ဒန် ဩဂုတ် ၇

ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၈ သို့ ဩဂုတ် ၅ ရက်က ကျဆင်းလာသည်။ အိုပက်ရေနံထုတ်လုပ်သူများက တိုးမြှင့်ထုတ်လုပ်လာသော်လည်း အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံတို့တွင် ရေနံဝယ်လိုအား လျော့နည်းလာခြင်းကြောင့် သုံးလအတွင်း ရေနံဈေးနှုန်း ကျဆင်းလာခြင်း ဖြစ်သည်။

ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၂၇ အထိ မြင့်တက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်မှစ၍ တဖြည်းဖြည်း ပြန်လည်ကျဆင်းလာသည်။

ဂရင်းနစ်စံတော်ချိန် မွန်းလွဲ ၁နာရီ ၁၀ မိနစ်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၅၂ ရှိချိန်တွင် အမေရိကန်ရေနံစိမ်း၏ ဈေးနှုန်းသည် တစ်စည်လျှင် ပေါက်ဈေးထက် ၁ ဒသမ ၈၉ဒေါ်လာ ကျဆင်းလာသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂါဇာကမ်းမြောင် ဒေသမြောက်ပိုင်းရှိ ဟားမတ်စ်တို့၏ ဂျူဘာလျာစခန်းတွင် စစ်ရေး လေ့ကျင့်နေသူများကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းလေတပ်မှ ရဟတ်ယာဉ်ပျက်ကျ ရဟတ်ယာဉ်ပေါ်လိုက်ပါသူ ခြောက်ဦးသေဆုံး

ဗန်ကောက် ဩဂုတ် ၇

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က ထိုင်းလေတပ်မှ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လေယာဉ်ပေါ်၌ လိုက်ပါလာသူ ခြောက်ဦးစလုံး သေဆုံးခဲ့ကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ ယင်းဒေသ၌ နှစ်လအတွင်း စစ်ဘက်ရဟတ်ယာဉ် ပျက်ကျမှု ဒုတိယအကြိမ် ဖြစ်ပွားခြင်းဖြစ်သည်။

ရဟတ်ယာဉ်မှူးနှစ်ဦး၊ စက်ပြင်နှစ်ဦး၊ ကယ်ဆယ်ရေးဝန်ထမ်းနှစ်ဦးနှင့်အတူ ဘဲလ်ယူအိတ်ချ်-၁ အိတ်ချ် အမျိုးအစား စစ်ဘက်ရဟတ်ယာဉ်သည် ယာလာပြည်နယ် တောင်ပိုင်းတွင် ပျက်ကျခဲ့ကြောင်း၊ သို့သော် လေယာဉ်ပျက်ကျရခြင်း အကြောင်းရင်းကို မသိရှိရသေးကြောင်း စစ်ဘက်က ပြောကြားသည်။

သေဆုံး

အလားတူ အမျိုးအစား ရဟတ်ယာဉ်တစ်စင်းသည်လည်း မူးယစ်ဆေးပညာဆိုင်ရာ ပညာရှင်ခြောက်ဦး၊ ရဟတ်ယာဉ်မှူးနှစ်ဦးနှင့် စက်ပြင်နှစ်ဦးတို့ကို သယ်ဆောင်လာစဉ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ဇွန် ၂၀ ရက်က ယာလာပြည်နယ်တွင်ပင် ပျက်ကျခဲ့ပြီး ရဟတ်ယာဉ်ပေါ်ရှိ လူအားလုံး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယား နိုင်ငံသို့ အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ရောက်ရှိလာရာ ထောင်ပေါင်းများစွာသော ပြည်သူများက ကန့်ကွက်ဆန္ဒပြနေသည်ကို ဩဂုတ် ၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကျူးဘားနှင့်ဆက်ဆံရေး ပြန်လည်တည်ဆောက်လို ရုရှားဝန်ကြီးချုပ်ပူတင် ပြောကြား

မော်စကို ဩဂုတ် ၇

စစ်အေးခေတ်ကာလက ရုရှားနိုင်ငံနှင့် မဟာမိတ်ဖြစ်ခဲ့သည့် ကျူးဘားနှင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်ရန် အချိန်ရောက်ပြီဟု ရုရှား ဝန်ကြီးချုပ် ဗလာဒီမာပူတင်က ပြောကြားလိုက်ကြောင်း သတင်းဌာနများက ဖော်ပြသည်။

အမေရိကန်က အရှေ့ဥရောပဒေသတွင် ဒုံးကျည်ကာကွယ်ရေးစနစ် တည်ဆောက်မည့် အစီအစဉ်အပေါ် ရုရှားအစိုးရက ဒေါသဖြစ်လျက်ရှိပြီး နျူကလီးယားဗုံးကြဲလေယာဉ်များ ဆီဖြည့်ရန် ကျူးဘားတွင် ရပ်နားရေးအတွက် ရုရှားက ကျူးဘားအစိုးရသို့ တိုက်တွန်းထားသည်ဟု လွန်ခဲ့သည့်လက ထုတ်ပြန်သည့် သတင်းများအရ သိရသည်။

ရုရှားက ပြည်ပတွင် စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းများ ဖွင့်လှစ်မည့် အစီအစဉ်မရှိကြောင်း၊ ထို့အပြင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြပါ သတင်း မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။

ရုရှားနိုင်ငံက ကျူးဘားနိုင်ငံသို့ ရေနံ၊ လက်နက်နှင့် သီးနှံများကို နှစ်ပေါင်း ၃၀ ရောင်းချလာသည့် နိုင်ငံဖြစ်သည်။

မိမိတို့အနေဖြင့် ကျူးဘားနှင့် အခြားနိုင်ငံများ၏ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် လိုအပ်သည်ဟု ဝန်ကြီးများ အစည်းအဝေးတွင် ပူတင်၏ပြောကြားချက်ကို အင်တာဖက်သတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုမာလီယာ၌ ပြန်ပေးဆွဲခံရသည့် အီတလီလူမျိုးနှစ်ဦး ပြန်လွတ်လာ

မိုဂါဒစ်ရှူး ဩဂုတ် ၇

ဆိုမာလီယာပြန်ပေးသမားများသည် အီတလီနိုင်ငံသား အကူအညီပေးရေးဝန်ထမ်းနှစ်ဦးအား ဩဂုတ် ၅ ရက်က ပြန်လွှတ်ပေးခဲ့သည်။ ၎င်းတို့နှစ်ဦးအား မေလကတည်းကပင် ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ မြို့မိမြို့ဖများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု ဆောင်ရွက်သူ တစ်ဦးက ပြောကြားသည်။

၎င်းပြန်ပေးဆွဲခံရသူ နှစ်ဦးသည် ကင်ညာသို့ ထွက်ခွာသွားပြီဖြစ်ကြောင်းကိုလည်း မိုဂါဒစ်ရှူးလေဆိပ်မှ ငြိမ်းချမ်းရေးထိန်းသိမ်းသူက အတည်ပြုခဲ့သည်။ ထို့အပြင် ယင်းကိစ္စ မှန်ကန်ကြောင်းကိုလည်း ပြန်ပေးငွေများကိစ္စ ညှိနှိုင်းဆောင်ရွက်ပေးသူများတွင် တစ်ဦးအပါအဝင်ဖြစ်သည့် မြို့မိ မြို့ဖတစ်ဦးကလည်း ဟုတ်မှန်ကြောင်း ပြောကြားသည်။

ပြန်ပေးဆွဲခံရသူနှစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး နိုင်ရိုဘီသို့ သွားရာလမ်းကြောင်းပေါ်တွင်ရှိကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီက ပြောကြားသည်။

ခေါ်ဆောင်

ထိုပြန်ပေးဆွဲခံရသူများမှာ ဂျီလန်ဒါဂိုချီပင်တီနှင့် ဂူလီရာနိုပါဂျာနီနီတို့ဖြစ်သည်။ ၎င်းတို့နှစ်ဦးအား မေ ၂၁ ရက်တွင် ဆိုမာလီယာ လက်နက်ကိုင်အဖွဲ့က အတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့သည်။ ယင်းလက်နက်ကိုင်အဖွဲ့သည် အီတလီကို ပါရေဇီရှုန်နော့စ်ဆုဒ် (စီအိုင်အင်အက်စ်) အဖွဲ့၏ ရုံးကို ဝင်ရောက်တိုက်ခိုက်ပြီး ဓားစာခံနှစ်ဦးကို ခေါ်ဆောင်သွားခြင်းဖြစ်သည်။

အီတလီအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် မိုဂါဒစ်ရှူး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည်ကို မြင်ခဲ့ရကြောင်း ယင်းလေဆိပ်မှ ဝန်ထမ်း မိုဟာမက်ဟာစိန်က ပြောကြားသည်။ ထို့ပြင် ၎င်းတို့အား မျက်နှာများကိုအုပ်၍ ကားဖြင့်ခေါ်လာရာ အဝတ်အစားများမှာလည်း ညစ်ပတ်နေသည်ကို တွေ့ရကြောင်း ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် လေယာဉ်ကွင်းတွင် အရေးပေါ် ဆင်းသက်လိုက်ရသော အမေရိကန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် တစ်စင်းကို ဩဂုတ် ၄ ရက်က တွေ့မြင်ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပေါ်တူဂီ၌ သစ်တောဟက်တာ ၅၀၀၀ ခန့် မီးလောင်ကျွမ်း

လစ္စဘွန်း ဩဂုတ် ၇

ပေါ်တူဂီနိုင်ငံတွင် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကာလအတွင်း သစ်တောဟက်တာ ၅၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ငါးဖမ်းလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန ဝန်ကြီး အက်စ်ဆင်ဆိုစီမိုးက ပြောကြားသည်။ မီးလောင်ကျွမ်းသည့် အခြေအနေမှာ လွန်ခဲ့သည့်နှစ်များမှ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပါက ဆိုးဆိုးရွားရွားမရှိကြောင်း၊ သို့ရာတွင် ဆက်လက်ဆောင်ရွက်စရာ အများအပြား ရှိနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသဆိုင်ရာ သစ်တောရုံးတစ်ရုံးကို ပေါ်တူဂီတောင်ပိုင်းရှိ အယ်လ်ဂါဒေသတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းဒေသသည် မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ခံရသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရန်အတွက် ယင်းကဲ့သို့ ရုံးငါးခုကိုနိုင်ငံတစ်ဝန်း အတိုင်းအတာဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တနင်္လာနေ့က မီးသတ်သမား ၆၀ခန့်သည် မီးသတ်ယာဉ် ၁၇ စီး၊ ရဟတ်ယာဉ်သုံးစင်းတို့ဖြင့် ပေါ်တူဂီမြောက်ပိုင်းရှိ ချာဗက်ဒေသတွင် လောင်ကျွမ်းနေသည့် မီးကိုငြိမ်းသတ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုယ်းကောင်း ပဌာန်းဗိမာန် ဝိပဿနာတရားစခန်း

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဗိုလ်ချို ဈေးအနီးရှိ မိုယ်းကောင်း ပဌာန်း ဗိမာန်ကြီး၌ သဒ္ဓမ္မပညာ ရောင်ခြည်အေးရိပ်သာ ပဓာန နာယက ဘဒ္ဒန္တဇဝန(အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)နှင့် ဘဒ္ဒန္တ သိရီပညာသာမိ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)တို့အား အမှူးထား၍ ဝိပဿနာတရားစခန်း ကို ဩဂုတ် ၁၀ ရက်မှ ၁၄ ရက် အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းပွဲတွင် လယ်တီဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အနာဂါမ် ဆရာသက်ကြီး၏တပည့် ဒလအုံကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)က ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဝါးယားဝယ်ယူရန် ဈေးပြိုင်ကြော်ငြာ

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းတော်များ ကပ်လှူရန်အတွက် ငြမ်းစေတီတည်ဆောက်ရန် ဝါးယား ၁၀၀၀၀ လုံး ဝယ်ယူရန်ရှိပါသည်။ ရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ အုပ်ချုပ်ရေးဌာနတွင်ဝယ်ယူပြီး ၂၀-၈-၂၀၀၈ ဗုဒ္ဓဟူးနေ့ နံနက် ၁၁း၀၀ နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး အုပ်ချုပ်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

ဝင်းကြိုင် - အတွင်းရေးမှူး

(၁၅)နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်သားငယ်လေး **မောင်ခန့်ညားသီဟ** အထက(၂)ကမာရွတ် Grade-11 ရဲ့ ၉ ရက်နေ့တွင် ကျရောက်သော (၁၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်(၁၀၀)တိုင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်. . .

ချစ်ဖေဖေ - **ဦးသီဟကြည်**(Chief Engineer M.V-SINGA ACE)
မေမေ - **ဒေါ်စန္ဒာ**
ကိုကြီး - **နေဝန်းသီဟ(ပနှစ်၊ ဥပဒေ)**
ညီမလေး - **ကြည်စင်လင်းလက်**(Grade-4, M.L.A)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ထိမ်းမြားလက်ထပ် ပြီးစီးကြောင်း

ရန်ကုန်မြို့နေ (ဦးချို၊ ဗဟိုတရားရုံးချုပ်ရှေ့နေ)- ဒေါ်ဝင်းကြည်(အထပြ-ငြိမ်း၊ တောင်သာ) တို့၏သားကြီး
မောင်ကျော်မျိုးဝင်း B.Sc(Botany)
နှင့်
ရန်ကုန်မြို့နေ ဦးခင်ဇော်(S.S.C Shipping Singapore) - ဒေါ်ညွန့်ဝမ်းအိ (ရိုးမပုံနှိပ်တိုက်) တို့၏သမီးကြီး
မအိသာယာချမ်းမြေ့ဇော် (B.A Myanmar) Dip. CA (Forever Group, University of Culture, Yangon)
တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ ၁၃-၇-၂၀၀၈ ရက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မျိုးဝင်း - မအိသာယာချမ်းမြေ့ဇော်

MAA LEARNING CENTRE

DIPLOMA IN TOURISM & HOSPITALITY MANAGEMENT

Seminar & Career Talk YGN
Date ■ 10-Aug-2008 (Sun)
Time ■ (2:00) pm to (4:00)pm
Venue ■ Park Royal Hotel

Special Discounts OR FREE!

မြန်မာကျောင်းသူ၊ ကျောင်းသားများအတွက် ပထမဦးဆုံးအခွင့်အရေး

Full Scholarships for DTHM

အသေးစိတ်ကို MAA တွင်စုံစမ်းပါ

SEAT BOOKING ☎ YGN : 250 501, 250 502 // MDY : 09 203 7494

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) လေလံကြော်ငြာ

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တွင် ဖြတ်တောက်စုပုံထားရှိသော ထင်းများနှင့် သစ်တုံးဖြတ်ပိုင်းများအား သတ်မှတ်စုပုံထားရှိသည့် အပုံများအလိုက် ၁၅-၈-၂၀၀၈ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ မျက်မြင်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများသည် ၁၂-၈-၂၀၀၈ ရက်မှစ၍ လေလံပုံစံများ စတင်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးရုံး တယ်လီဖုန်းအမှတ် - ၃၇၄၂၄၄ နှင့် ၃၇၀၉၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သျှင်ဥက္ကံ မုန်းလို့ချစ်တာ

KS
ထွက်ပြီ
ဖြန့်ချိရေး - ကျော်စွာစာပေ
အမှတ်(၂၂၅)၊ လမ်း-၃၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၃၆၃၉

ထောင်မှူးကြီးသိန်းဝင်း

မိုးကုသိုလ်စာပေ ☏-၀၉-၅၁၃၉၂၆၄။
ပုဂံမြို့ဂေဟောင်းမှလွမ်းပုံပြင်

မိုးကုတ်ဝိပဿနာ တရားပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

မန္တလေးမြို့ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ တရားတော်ပြန့်ပွားရေးဌာနချုပ်၏ ပဓာန နာယက ကမ္မဋ္ဌာန်း နည်းပြချုပ် မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက(သိမ့်ပွားမူပယ်မှု)သည် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် (ကြေးသွန်းဘုရားကြီးရှေ့) ကြားတောရလမ်းရှိ မင်္ဂလာဈေးမွှာရုံ၌ ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ် ည ၇ နာရီမှ ၈ နာရီအထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ငါးရက်တိုင်တိုင် ဟောကြားမည် ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်တရားနာယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တူဒေးစာအုပ်တိုက်

စက်ဏ်လူသား ဟွန်ဒါ (ဒုတိယအကြိမ်)

ကြည်မင်း

ဂျပန်နိုင်ငံမှ ကမ္ဘာကျော် တီထွင်ဖန်တီးအုပ်ချုပ်သူ ဆာအီချီရိုဟွန်ဒါ၏ ဘဝဇာတ်ကြောင်းတစ်စိတ်တစ်ဒေသကို ပုံရိပ်ဖြင့်မှန်ထားသောစာအုပ် ဖြစ်သည်။ သို့သော် သူ့ဘဝဖြစ်စဉ် သက်သက်မျှသာ မဟုတ်၊ ဟွန်ဒါမည်သော လူပုဂ္ဂိုလ်တစ်ဦး၏ တီထွင်မှု၊ ဖန်တီးမှု၊ ကိုယ်ချင်းစာနာတတ်မှု၊ နောက်လူကိုနေရာဖယ်ပေးတတ်မှု စသည့် ပုံရိပ်ကောင်းများနှင့်ပတ်သက်၍လည်း အတုယူဖွယ်တင်ပြထားသည်။ လူသားဆန်သော တီထွင်တွေးနှင့် ပြည့်စုံသည့် စိမ်ခန့်ခွဲသူတစ်ဦး၏နလုံးသားကို အထင်းသားတွေ့နိုင်မည်ဖြစ်သည်။

စာမူခွင့်ပြုချက်	- ၄၀၀၆၉၄၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်	- ၄၀၀၁၃၉၀၂၀၈

အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်မြင့်အောင် [၁၄/ပသန(နိုင်)၀၀၂၉၆၀]နှင့် ကျွန်မ မခင်ချိုဝင်း[၁၂/လသန(နိုင်)၀၀၁၃၈၇] တို့သည် ၄-၈-၂၀၀၈ ရက်၌ ရန်ကုန်တိုင်း တရားရုံးတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **မောင်မြင့်အောင် နှင့် မခင်ချိုဝင်း**

မိုး ရာသီ အထူး အစီအစဉ်

၅" × ၇" (၁၀၀) ကျပ်
၃.၅"× ၅" (P C) (၆၀) ကျပ်

Only Fuji Luster Paper

Technoland Digital Photo Services
186-188, Mahabandoola Garden Street, Kyauktada Township, Yangon, Myanmar. Tel: 01-249565, 373516, 384780, 4412735. Fax: 01-249565
E-mail: technoland@myanmar.com.mm

အ မြန် ရောင်း မည်

ဆောက်လုပ်ပြီး အသင့်နေထိုင်နိုင်သော ပြင်ဆင်ပြီး တိုက်ခန်းအသစ်၊ လုံးချင်းအသစ်များကို ဆောက်လုပ်စရိတ်နီးပါးဈေးဖြင့် ရောင်းမည်။

* အခန်း–404, 504 (38' x 40') MAHABANDOOLA COMPLEX တိုက်(B)၊ No.-62 မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်။
* ခြံအမှတ်– (1) (70' x 120') (2 Storey 3900Sq.ft)
  ခြံအမှတ်–(16) (96' x 144') (2 Storey 4500Sq.ft)
  NAWARAT GARDEN နဝရတ်လမ်း၊ သာကေတမြို့နယ်။

ဆက်သွယ်ရန်– ☎ 299201, 293226, 09-9927206, 09-5149148

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၈

ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ပြီးနောက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းစီဒီကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၂၉)ကြိမ်မြောက် နွေရာသီအိုလံပစ်အားကစားပွဲ ပေကျင်း၌ ကြီးကျယ်ခမ်းနားစွာဖွင့်လှစ်

ပေကျင်းမြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ၌ ဩဂုတ် ၈ ရက်ညက ကျင်းပသော ပေကျင်း အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်နေသည့် မြင်ကွင်းကို တွေ့ရစဉ်။ *(ဆင်ဟွာ)*

ပေကျင်း ဩဂုတ် ၈

(၂၉)ကြိမ်မြောက် နွေရာသီ အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တော်မြောက်ပိုင်း အမျိုးသားအားကစားပြိုင်ပွဲ ရုံကြီး၌ ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ခမ်းနားထည်ဝါစွာ ကျင်းပသည်။

ငှက်သိုက်ပုံသဏ္ဌာန်ရှိသော အဆိုပါအားကစားပြိုင်ပွဲရုံကြီးမှာ ကြမ်းပြင်အကျယ်အဝန်း စတုရန်းမီတာ ၂၅၈၀၀၀ ရှိပြီး ပရိသတ် ၉၁၀၀၀ ကြည့်ရှုနိုင်သည်။

ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ကမ္ဘာကျော် တရုတ်ရုပ်ရှင်ဒါရိုက်တာကျန်းယီမူးက စီစဉ်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ကျန်းယီမူး၏လက်ရာ ရုပ်ရှင်ကားများမှာ ကြီးကျယ်ခမ်းနားသည့် ဆက်တင်အပြင်အဆင် မြင်ကွင်းများ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✳

ပေကျင်း အိုလံပစ် အမျိုးသားဘောလုံး ပွဲစဉ်များ

ယမန်နေ့ အမျိုးသား ဘောလုံးပွဲရလဒ်များ

(စာမျက်နှာ-၁၀)